ပုဗ္ဗာစ ပုဗ္ဗနေယျာနံ့ တော့ မင်္ဂလ မုတ္တမံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၉၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့ကြသည့် ပုဂ္ဂိုလ်များကို အစဉ်ထာဝရ ဦးညွှတ်အလေးပြုနေကြရမည်

ပြည်သူတစ်ရပ်လုံးနှင့် ရဲရဲတောက် အာဇာနည်ပုဂ္ဂိုလ်တို့သည် ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်ထိ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးစစ်ပွဲများ ဆင်နွှဲခဲ့မှုတို့ကြောင့် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးပြန်လည်ရရှိခဲ့ပြီး အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိလာသည်။ ဤလွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကာလတစ်လျှောက်တွင် တိုင်းရင်းသား အာဇာနည် သူရဲကောင်း ခေါင်းဆောင်များ၊ လူငယ်များနှင့် ရဟန်းရှင်လူပြည်သူများသည် အသက်ပေါင်းများစွာ ထောင်နှင့်သောင်းနှင့်ချီ၍ စွန့်လွှတ်တိုက်ပွဲဝင်ခဲ့ကြသည်ကို ကျွန်ုပ်တို့ အစဉ်ထာဝရ ဦးညွှတ်အလေးပြုနေကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၂)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ-

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညစ်ခံပွဲနှင့်ညစာစားပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပသည့် ပြည်သူ့လွှတ်တော်အဆောက်အအုံသို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် *စာမျက်နှာ ၃ ကော်လံ ၅* ●

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး **Mr. Simon Tensing de Cruz** နှင့် ဇနီးတို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ပြည်ထောင်စုစိတ်ဓာတ်ပိုမိုရင့်သန်ခိုင်မာအောင်ကြိုးပမ်း လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့အောင်ထိန်းသိမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်လာခဲ့သည့် နိုင်ငံဖြစ်သည်။ တိုင်းရင်းသား လူမျိုးများသည်လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုပမာ စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်လာခဲ့ကြသည်။

သို့သော်လည်း ကိုလိုနီနယ်ချဲ့တို့သည် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ၊ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ၊ ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ စသည်ဖြင့် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲ၍ မြန်မာနိုင်ငံကို မတရားသိမ်းပိုက်ခဲ့သည်။

ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို မတရားကျူးကျော်သိမ်းပိုက်ခဲ့ပြီးနောက် တိုင်းရင်းသားများအတွင်း နှစ်ပေါင်းရှည်ကြာစွာ ဖြစ်ထွန်းတည်ရှိခဲ့သည့် စည်းလုံးညီညွတ်မှုကိုပျက်ပြားစေရန်၊ ပြည်ထောင်စုစိတ်ဓာတ်ကင်းမဲ့စေရန် နည်းမျိုးစုံဖြင့်လုပ်ဆောင်ပြီး မြန်မာတိုင်းရင်းသားများအပေါ် ခွဲခြားအုပ်ချုပ်ခဲ့ကြသည်။

အမြော်အမြင်ကြီးမားသော မျိုးချစ်ခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းစွမ်းဆောင်ချက်ကြောင့်သာ မြန်မာတစ်နိုင်ငံလုံး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်တကွ လွတ်လပ်ရေးကို ပြန်လည်အရယူနိုင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် တိုင်းတစ်ပါး၏ နှစ်ပေါင်းတစ်ရာကျော် အစီအစဉ်ရှိရှိ သွေးခွဲသပ်လျှိုခဲ့မှု၏ ဒဏ်ရာဒဏ်ချက်ကြောင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သံသယပွား စိတ်ဝမ်းကွဲပြားကြကာ နှစ်(၄၀) ကျော်ကြာ လက်နက်ကိုင်ဆန့်ကျင်မှုများ ဖြစ်ပွားခဲ့ရပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် မတည်ဆောက်နိုင်ခဲ့သည်မှာ နိုင်ငံတော်အတွက် အလွန်တန်ဖိုးကြီးမားသည့် သမိုင်းသင်ခန်းစာများပင်ဖြစ်သည်။

ထို့ကြောင့် တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ယူခဲ့ရသည့်အချိန်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မြဲမြဲ တည်ဆောက်နိုင်မှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဆိုသည့် ခံယူချက်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရရှိဖြစ်ထွန်းစေရန် အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန် ကြည်ဖြူခွင့်လွှတ်မှုတို့ကိုအခြေခံပြီး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ဤသို့ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်၏ စိတ်စေတနာမှန်ကိုသိမြင်ပြီး ငြိမ်းချမ်းရေးကို လိုလားသော တိုင်းရင်းသားအဖွဲ့အစည်းအများစုသည် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းလာခဲ့ကြသည့်အတွက် ယခုအခါ နယ်စပ်ဒေသများအားလုံးနီးပါး တည်ငြိမ်အေးချမ်းပြီး မြို့ကြီးပြကြီးများနှင့်မခြား ဖွံ့ဖြိုးစည်ပင်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော် စုပေါင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်နှင့်အညီ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်စွာတည်တံ့ခိုင်မြဲရေး အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒနှင့်အညီ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် စောင့်ရှောက်ကာကွယ်ရန် အထူးလိုအပ်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ပြည့်ဖြိုးခိုင်မာစေရေးအတွက် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားသွေးချင်းများအကြား စည်းလုံးညီညွတ်ရေး တိုးပွားခိုင်ခံ့စေမည့် အခြေခံကောင်းများဖြစ်ထွန်းလာရန် စနစ်တကျ စီမံအားပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ ယခုအခါ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုတိုးတက်ထွန်းကား ပြည့်ဖြိုးခိုင်မာလျက်ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအပေါင်းသည် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို နယ်ချဲ့တို့လက်အောက်မှ ပြန်လည်ရယူနိုင်ခဲ့သည့် အစဉ်အလာကောင်းနှင့်အညီ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုရင့်သန်ခိုင်မာစေရန် ကြိုးပမ်းဆောင်ရွက်ရင်း လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံများမှနိုင်ငံအကြီးအကဲများဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့ သဝဏ်လွှာများ အသီးသီးဆက်လက်ပေးပို့ကြသည်။

ဂျပန်နိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံသို့ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ဂျူနီချီရိုကိုအိဇုမိထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိ နွေးထွေးလှိုက်လှဲစွာ အဆွေတော်ထံသို့ လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ပေးပို့ပါကြောင်း၊ အဆွေတော်၏ ပြည်ထောင်စု မြန်မာနိုင်ငံတော် ငြိမ်းချမ်းပြီး ကြီးပွားတိုးတက်စေရန် မိမိ ဆုမွန်ကောင်း ပို့သပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လီကျောက်ရှင်းထံမှ လည်းကောင်း၊ ဂျပန်နိုင်ငံခြားရေး ဝန်ကြီး မစ္စယိုရိကိုကာဝါဂူချိထံမှ လည်းကောင်း ဝမ်းမြောက်ကြောင်း လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့သည်။

လက်ဘနွန်နိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ လက်ဘနွန်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီးအီးမေးလာဟော့ဒ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော် ပျော်ရွှင်ချမ်းမြေ့စေရန်နှင့် အောင်မြင်မှုရစေရန် လည်းကောင်း၊ မြန်မာပြည်သူများ ကြီးပွားတိုးတက်စေရန်လည်းကောင်း မိမိကိုယ်တိုင်နှင့် လက်ဘနွန်ပြည်သူများကိုယ်စား အဆွေတော်ထံသို့ ဝမ်းမြောက်ဂုဏ်ယူကြောင်းသဝဏ်လွှာ ပေးပို့ပါကြောင်း ဖော်ပြပါရှိသည်။

ပါကစ္စတန်သမ္မတနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ပါကစ္စတန်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရှာရက်ဖ်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ မိမိတို့လှိုက်လှဲနွေးထွေးစွာ သဝဏ်လွှာပါးရသည့်အတွက် များစွာကြည်နူးဝမ်းမြောက်မှုဖြစ်ရပါကြောင်း၊ အဆွေတော် ကျန်းမာပျော်ရွှင်စေရန်နှင့် မြန်မာပြည်သူများ ဆက်လက်၍ တိုးတက်သာယာဝပြောစေရန်အတွက် မိမိဆုမွန်ကောင်းများ ပို့သပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ ပါကစ္စတန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မီယာဇဖာဂူလာခန်းဂျမာလီထံမှ ဝမ်းမြောက်ကြောင်း လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ သီရိလင်္ကာနိုင်ငံ သမ္မတ ချန်ဒရီကာဘန်ဒရာနိုက်ကေး ကုမာရာတွန်ဂါထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် သီရိလင်္ကာနိုင်ငံအစိုးရနှင့် ပြည်သူများက မိမိနှင့်အတူ အဆွေတော်ထံ ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သပြီး ဆုမွန်ကောင်းများ ပို့သပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုသည် လာမည့်နှစ်များတွင် ပိုမိုခိုင်မာမည်ဟု မိမိခံယူပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် ရာနီးလ်ဝိကရာမာဆင်းဟာထံမှ ဝမ်းမြောက်ကြောင်း လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

(ဆက်လက်ဖော်ပြပါမည်)

ကြည့်ရှုစစ်ဆေး

ဇန်နဝါရီ ၃ ရက်က မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် စက်မှုဇုန်တာဝန်ခံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ သာကေတနှင့် တောင်ဥက္ကလာပ စက်မှုဇုန်တို့၏ စက်မှုဇုန်ထုတ်ကားနှင့် ကားပစ္စည်းပြပွဲ(၂၀၀၄)ပြပွဲတွင် ခင်းကျင်းပြသထားသော ကားနှင့် ကားအပိုပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့တက်ရောက်လာသည့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

● **ရွှေဖုံးမှ**

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်တို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tensing de Cruzအမှူးပြုသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြသည်။

ညစာစားပွဲတက်ရောက်

အဆိုပါ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးနှင့်ဇနီး၊အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်နှင့်ဇနီး၊ ရှေ့နေချုပ်နှင့်ဇနီး၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး အမှူးပြုသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စားလှယ်များ၊ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိ ကွန်ပျူတာပန်းချီပြိုင်ပွဲများမှ ဆုချီးမြှင့်ခံရသည့် ဆုရကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဧည့်ခံဖျော်ဖြေ

အဆိုပါ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့်လည်းကောင်း၊ ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာတို့ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၅-၁-၂၀၀၄
(တနင်္လာနေ့)
၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၁၄ ရက်
(အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၀၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၅	၇။	သံလွင်တံတား(မော်လမြိုင်)
၈း၃၀	၈။	International News
၈း၄၅	၉။	Let's Go
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၀	၄။	တေးဂီတအစီအစဉ်
၁၆း၅၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၀၅	၆။	အကပဒေသာ
၁၇း၂၀	၇။	မြန်မာစာ မြန်မာစကား
၁၇း၃၅	၈။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၄၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈း၀	၁၀။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၁၈း၁၅	၁၁။	Discovery
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	Milo Success in Soccer
၁၉း၁၀	၁၅။	စက်မှုဇွမ်းအား ခေတ်ကျော်လွှား
၁၉း၂၀	၁၆။	တေးဂီတအစီအစဉ်
၁၉း၃၅	၁၇။	အချုပ်အခြာအာဏာ ခွန့်ရှည်ကြာခိုင်မာစေမှု ဒို့ရှေးရှု "ဂုဏ်ပြုထိုက်ပေ ပင်လုံမြေ"
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တုံ့မယူလို "**(အပိုင်း-၉)
	၂၂။	၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

■ ***ကျော့ဖုံးမှ***

တပ်မတော်အရာရှိကြီးများ၊ အခမ်းအနားကျင်းပရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ ဗဟိုအကြီးအကဲများ၊ ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဌာနမှူးများ၊ ဝန်ကြီးဌာနများမှ ရုံးအဖွဲ့မှူးများ၊ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုမှ ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးများ၊ တိုင်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း ၁၆ ဖွဲ့မှ ကိုယ်စားလှယ်များ၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများ စုစုပေါင်း အင်အား ၇၀၀ ကျော်ကလည်း နေရာယူထားကြသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပပြီးနောက် နံနက် ၇ နာရီတွင် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကိုကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊လေ) ဂုဏ်ပြုတပ်ဖွဲ့က ပြည်သူ့လွှတ်တော်အတွင်းမှ ပြည်သူ့ရင်ပြင်သို့ ချီတက်၍ သတ်မှတ်ထားသည့်နေရာ၌ နေရာယူကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ၂၀၀၄ ခုနှစ် (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရောက်ရှိလာကာ စင်မြင့်ပေါ်၌ နေရာယူသည်။

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့ တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြု၍ သစ္စာလေးချက် ရွတ်ဆိုပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ၂၀၀၄ ခုနှစ် (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးအား ဂုဏ်ပြု တပ်ဖွဲ့က အလေးပြုပြီး ဂုဏ်ပြု တပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်သူ့ရင်ပြင်အတွင်းမှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ၂၀၀၄ ခုနှစ် (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဖတ်ကြားစဉ်။
(သတင်းစဉ်)



5-1 (3).p65 1 3/26/05, 10:32 PM

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော မငြိမ်မသက်မှု ဒေသတွင်းရှိ အခြားနိုင်ငံများကို ကူးစက်မည် စိုးရိမ်

ဇန်နဝါရီ၃ ရက်က ဘဂ္ဂဒက်မြို့ စစ်ဆေးရေးဂိတ်တစ်ခု၌ အမေရိကန်တပ်ဖွဲ့ဝင်များက ကားများကို စစ်ဆေးရှာဖွေမှုများ ပြုလုပ်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အင်ကာရာ ဇန်နဝါရီ ၃

အီရတ်နိုင်ငံတွင် မတည်မငြိမ်မှုဖြစ်ပွားပြီး အကွဲအပြဲဖြစ်လာမည့်အခြေအနေသည် အီရတ်တစ်နိုင်ငံ တည်းကိုသာ ထိခိုက်မည်မဟုတ်ဘဲ ဒေသအတွင်းရှိ အခြားသောနိုင်ငံများ၏ အခြေအနေကို ထိခိုက်လာမည်ဖြစ်သည်ဟု အီရတ်တူရကီအဖွဲ့(အိုင်တီစီ)က သောကြာနေ့၌ သတိပေးလိုက်သည်။

ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က အီရတ် နိုင်ငံမြောက်ပိုင်း မြို့တော်ကယ်ကွတ်တွင် အီရတ်လူမျိုးများနှင့် တူရကီလူမျိုးများက ဆန္ဒပြခဲ့ကြရာ ဆန္ဒပြသူများအတွင်းသို့ ကာဒ့်လူမျိုးပြည်သူ့စစ်များက ပစ်ခတ်ခဲ့သဖြင့် လူသုံးဦး သေဆုံးသွားပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိသွားခဲ့သည်။

ဆန္ဒပြ

ကာဒ့်လူမျိုးများသည် ကယ်ကွတ်မြို့ကို ၎င်းတို့၏ ပိုင်နက်အတွင်း ထည့်သွင်းရန်စီစဉ်နေရာ ထိုအစီအစဉ်ကို မကျေနပ်သဖြင့် အီရတ်လူမျိုးများနှင့် တူရကီလူမျိုးများက ဆန္ဒပြခဲ့ကြခြင်း ဖြစ်သည်။

ထိခိုက်

အီရတ်နိုင်ငံတွင် ငြိမ်ဝပ်ပိပြားရေး အထူးလိုအပ်နေချိန်တွင် အထက်ပါကိစ္စ ပေါ်ပေါက်လာခြင်းသည် အီရတ်နိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေကြောင်း အိုင်တီစီအဖွဲ့မှ တူရကီလူမျိုး ကိုယ်စားလှယ်က စာနှင့်ရေးသားဖော်ပြခဲ့သည်။

(အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်၌ အလှည့်ကျတာဝန်ချထားမည့် အစီအစဉ် အီရတ်တိုက်ခိုက်ရေးသမားများအတွက် ကျူးကျော်တပ်များကို တိုက်ခိုက်ရန် အခွင့်အလမ်းရနိုင်

ဝါရှင်တန် ဇန်နဝါရီ ၃

အမေရိကန်ကာကွယ်ရေးဌာနသည် ယခုနှစ်တွင် အီရတ်၌ရှိသော အမေရိကန်တပ်ဖွဲ့ဝင် အမြောက်အမြားကို အလှည့်ကျတာဝန်ချထားရန် လုပ်ဆောင်လျက်ရှိရာ ယင်းသည် အမေရိကန်တပ်ဖွဲ့ဝင်များရောက်လာချိန် နှင့် ထွက်ခွာချိန်တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရေးသမားများက တိုက်ခိုက်ရန်အခွင့်အလမ်း ဖြစ်သွားစေနိုင်သည်ဟု ယူအက်စ်အေတူဒေးက သောကြာနေ့၌ ပြောကြားသည်။

ဇန်နဝါရီလမှ မေလအထိ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင် ၁၂၃၀၀၀ကို ရုပ်သိမ်းပြီး တပ်ဖွဲ့ဝင်သစ် ၁၁၀၀၀၀ ကို အစားထိုးမည်ဖြစ်သည်။ ထို့ပြင် အာဖဂန်၌ရှိသော တပ်ဖွဲ့ဝင် ၁၁၀၀၀ ကို အမေရိကန်ပြည်ထောင်စုသို့ပြန်ခေါ်ပြီး ထိုအရေအတွက်အတိုင်း အာဖဂန်နစ္စတန်၌ ပြန်အစားထိုးမည်ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်အများအပြား၏ အဝင်အထွက်ကို ပြောက်ကျားများကကြည့်နေပြီး နောက်ထပ်အမေရိကန်တပ်ဖွဲ့ဝင်များကို ထိခိုက်ဒဏ်ရာ အနာတရဖြစ်အောင် လုပ်ဖွယ်ရှိကြောင်း ပင်တဂွန်အရာရှိများ၊ စူးစမ်းလေ့လာသူများ၏ ပြောကြားချက်ကို သတင်းစာက ကိုးကားရေးသားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

၂၀၀၃ ခုနှစ်အတွင်း အီရတ်၌ သတင်းယူသော သတင်းစာဆရာ ၁၃ ဦး သေဆုံးခဲ့ကြရ

နယူးယောက် ဇန်နဝါရီ ၃

လွန်ခဲ့သည့်နှစ်၌ အီရတ်တွင် သတင်းယူသောသတင်းစာဆရာ ၁၃ ဦး သေဆုံးခဲ့ရာ ၁၉၉၅ခုနှစ်မှစပြီး တစ်နိုင်ငံတည်း၌ လူထုဆက်သွယ်ရေးအတွက် သေဆုံးမှုအမြင့်ဆုံးဖြစ်သည်ဟု စောင့်ကြည့်လေ့လာရေး အုပ်စုက သောကြာနေ့၌ ပြောကြားသည်။

လွန်ခဲ့သည့်နှစ်၌ ကမ္ဘာတစ်ဝန်းလုံးတွင်သေဆုံးသော သတင်းစာဆရာ ၃၆ဦးရှိခဲ့ရာ ၂၀၀၂ခုနှစ်က သေဆုံးခဲ့သည့် ၁၉ ဦးထက် ပိုများခဲ့သည်ဟု သတင်းစာဆရာများ အကာအကွယ်ပေးရေးကော်မတီ စီပီဂျေက ပြောကြားသည်။ အီရတ်နိုင်ငံသည် သတင်းစာဆရာများ သေဆုံးဦးရေတိုးမြင့်လာသည့် အဓိကအကြောင်းတစ်ရပ်ဖြစ်ခဲ့သည်။

ယခုအခါ အီရတ်နိုင်ငံသည် အီရတ်နိုင်ငံ၌ ရှိနေကြသူများအတွက် အန္တရာယ်ရှိသော နေရာတစ်ခုဖြစ်လာသည်ဟု စောင့်ကြည့်လေ့လာရေးအဖွဲ့ အမှုဆောင်ဒါရိုက်တာ ဘုရှ်ကော်တ်သည်။ အန်းကူးပါးက ပြောကြားသည်။

အထူးသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အီရတ်တွင် သတင်းစာဆရာ လေးဦးသေဆုံးခဲ့ရခြင်းဖြစ်ကြောင်း လေးဦးအနက် သုံးဦးမှာ ဧပြီလထဲ၌ ၎င်းတို့ရှိနေသော အဆောက်အအုံများကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် သေဆုံးခြင်းဖြစ်ပြီး စတုတ္ထမြောက် သတင်းစာဆရာမှာ ဩဂုတ်လထဲ၌ အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် သေဆုံးခဲ့ကြောင်း စီပီဂျေက ပြောသည်။

ထို့ပြင် စောင့်ကြည့်လေ့လာရေးအုပ်စုသည် ပျောက်ဆုံးနေသော သတင်းစာဆရာလေးဦးနှင့် အလုပ်နှင့်ဆက်နွှယ်ပြီး သေဆုံးဖွယ်ရှိသော သတင်းစာဆရာ ၁၂ဦး၏ အမှုကိစ္စကိုလည်း စုံစမ်းလျက်ရှိသည်။

(အင်တာနက်)

ဘာလက်မြို့ရှိ စစ်အခြေစိုက်စခန်း အတိုက်ခံရ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေ နှစ်ဦးဒဏ်ရာရ

တီကရစ် ဇန်နဝါရီ ၃

အီရတ်နိုင်ငံအလယ်ပိုင်း ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် မိုင် ၅၀ ရှိ ဘာလက်မြို့အနီးမှ အမှတ်(၄) ခြေမြန်တပ်မ စစ်အခြေစိုက်စခန်းကို တိုက်ခိုက်ရေးသမားများက စိန်ပြောင်းများဖြင့် သောကြာနေ့ညတွင် တိုက်ခိုက်ခဲ့ကြသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရသွားသည်ဟု စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက စနေနေ့၌ ပြောကြားသည်။

စိန်ပြောင်းကျည်တစ်လုံးမှာ အမေရိကန်တပ်ဖွဲ့ဝင်များ အိပ်ခန်းအဖြစ်သုံးသော နောက်တွဲယာဉ်တစ်ခု အနီး၌ ကျရောက်ပေါက်ကွဲခဲ့ရာ တံခါးဝ၌ရပ်နေသော တပ်ဖွဲ့ဝင်တစ်ဦး ကျည်စထိမှန် သေဆုံးခဲ့သည်။ **(အင်တာနက်)**

အကြမ်းဖက်တိုက်ခိုက်လာမည့်အန္တရာယ် စိုးရိမ် နိုင်ငံတကာ လေကြောင်းခရီးစဉ်အချို့ ပယ်ဖျက်

လန်ဒန် ဇန်နဝါရီ ၃

လေယာဉ်များကိုအသုံးပြုပြီး အကြမ်းဖက်တိုက်ခိုက်လာနိုင်သည့်အန္တရာယ်ကို စိုးရိမ်မှုကြောင့် နိုင်ငံတကာလေကြောင်းခရီးစဉ်အချို့ကို ရပ်နားထားမှုများ ပေါ်ပေါက်လာနိုင်သည်။ ယမန်နေ့၌ ဗြိတိသျှလေကြောင်းက လန်ဒန်မှ ရီးယာ့ဒ်သို့ ပျံသန်းသည့်ခရီးစဉ်များကို ပယ်ဖျက်ခဲ့သည့်နည်းတူ ပြီးခဲ့သော ရက်အနည်းငယ်အတွင်းကလည်း အမေရိကန်နိုင်ငံသို့ ပျံသန်းမည့် ခရီးစဉ်အချို့ကို ပယ်ဖျက်ခဲ့သည်။

ပြီးခဲ့သောသောကြာနေ့က ဗြိတိသျှလေကြောင်း၏ ခရီးစဉ် ၂၂၃ မှာ လိုက်ပါသောခရီးသည်များကို ပြန်လည်စစ်ဆေးပြီးမှ လေယာဉ်ပေါ်က ဆင်းသက်ခွင့်ပြုခဲ့သည်။ ယင်းအချက်ကြောင့် ဒုတိယမြောက်နေ့အဖြစ် အမေရိကန်နိုင်ငံသို့ ပျံသန်းမည့် ခရီးစဉ်များကို ဆက်တိုက်ပယ်ဖျက်ခဲ့သည်။ မက္ကဆီကိုနိုင်ငံမှ ပျံသန်းလာသော လေယာဉ်ခရီးစဉ်နှစ်ခုကိုလည်း ပယ်ဖျက်ခဲ့သည့်နည်းတူ အခြားခရီးစဉ်တစ်ခုမှာလည်း ဂျက်တိုက်လေယာဉ်များက လိုက်ပါစောင့်ရှောက်ပျံသန်းခဲ့သည်။ အဲယားဖရန့်ခရီးစဉ်တစ်ခုကိုလည်း အလားတူလုပ်ဆောင်မှုမျိုး ဆောင်ရွက်ခဲ့ရသည်။ ယခုကဲ့သို့ လေယာဉ်ခရီးစဉ်ရွှေ့ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းများနှင့်စပ်လျဉ်းသည့် ထောက်လှမ်းရေးသတင်းများ၏ ခိုင်မာမှုကို မေးခွန်းထုတ်စရာဖြစ်လာသော်လည်း တိုက်ခိုက်မှုအန္တရာယ်ကို စိုးရိမ်ရသည့်အတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နေကြရသည်။

(စီအင်န်အင်န်)

လုံခြုံရေးစောင့်ကြပ်

ဇန်နဝါရီ၃ ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း ပစ်ချခံရပြီးနောက် စစ်ယာဉ်တစ်စီးဖြင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

✻ ကျောဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် Central Symbol Zone ရှိ Water Plaza တည်ဆောက်ရေးလုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် Relaxation Zone၊ Education Zone နှင့် Central Symbol Zone များတွင် အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က Central Symbol Zone အတွင်း ကန်တော်ကြီးဥယျာဉ် ရှုခင်းအလှပြုပြင်ဆောင်ရွက်ခြင်း၊ မြက်ခင်းများစိုက်ပျိုးခြင်း၊ Water Plaza နှင့် Water Fountain တည်ဆောက်မှု၊ ဥယျာဉ်အတွင်း သစ်ပင်ကြီးများ စိုက်ပျိုးမှု၊ ထိန်းသိမ်းမှု အခြေအနေများနှင့် တိရစ္ဆာန်နှင့် ပန်းဥယျာဉ် (ရန်ကုန်) အဆင့်မြင့်တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက ကန်တော်ကြီး ဥယျာဉ်အတွင်း Education Zone ၌ ရေနုတ်မြောင်းများ တူးဖော်ပြီးစီးမှု၊ ရေစစ်ကန်၊ သံပန်းခြံစည်းရိုး၊ မြေတားနံရံ၊ အရောင်းဆိုင်များ စိုက်ပျိုးရေးပြတိုက်နှင့်အဝင် မုခ်ဦးတည်ဆောက်မှု၊ ရေကူးကန်ပြုပြင်မှု၊ပျိုးခင်းဈေးပွဲတော်ကို စုံလင်စွာစီစဉ်ဆောင်ရွက်ထားရှိမှု၊ ရေပေါ်စိုက်ခင်း၊ ပြည်တွင်းပြည်ပ သစ်ခွပန်းမျိုးစုံ စိုက်ခင်း၊ ပရဆေးဥယျာဉ်စိုက်ခင်း၊ သစ်သီးဝလံစိုက်ခင်းများ ထူထောင်စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန်နည်းပညာတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဦးစန်းကြူက ကန်တော်ကြီးဥယျာဉ်ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများနှင့် အရည်အသွေးစစ်ဆေးထိန်းသိမ်းရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက Recreation Zone အတွင်း အဆင့်မြင့်တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ Wood Land Co., Ltd.မှဦးဝင်းအောင်က ကန်တော်ကြီးဥယျာဉ်အတွင်း လက်ရှိငါးပြတိုက်ဟောင်းပြုပြင်မွမ်းမံမှုနှင့် Cable Car တပ်ဆင်ရန် ဆောင်ရွက်မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဘက်စုံစီမံကိန်းလုပ်ငန်းကြီးတစ်ခု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တော်ကြီး၏ အချက်အချာနေရာတွင် သဘာဝအလျောက် တည်ရှိပြီးဖြစ်သည့် ကန်တော်ကြီးဥယျာဉ်ကို မူလရှိပြီးသဘာဝအလှအပများ မပျက်ယွင်းစေဘဲ နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ မြို့တော်၏ အင်္ဂါရပ်များ ပိုမိုတိုးတက်မြင့်မားလာစေရေး၊ မြို့တော်နေ ပြည်သူများ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း၊ မိသားစုအလိုက်သော်လည်းကောင်း စိတ်လက်အေးချမ်းစွာဖြင့် လာရောက်အပန်းဖြေနိုင်သည့် အပန်းဖြေစခန်းကြီးတစ်ခုအဖြစ် အဆင့်မြင့်မွမ်းမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် လာရောက် အပန်းဖြေအနားယူကြသူများအတွက် အပန်းဖြေရင်း လေ့လာစရာ ပညာပေးစခန်းတစ်ခုဖြစ်စေရန်ကိုလည်း ရည်ရွယ်တည်ဆောက်ပေးနေခြင်းဖြစ်သဖြင့် မိမိတို့ ယခု ဆောင်ရွက်နေသည့် စီမံကိန်းကြီးမှာ ဘက်စုံစီမံကိန်းလုပ်ငန်းကြီးတစ်ခုဖြစ်ကြောင်း။

ကန်တော်ကြီးဥယျာဉ်ကြီးမှာ မိမိတို့အတွက် တန်ဖိုးကြီးမားလှသည့် သဘာဝအခြေခံကောင်းကြီးတစ်ခုဖြစ်သည်နှင့်အညီ တည်ရှိပြီး သဘာဝအခြေခံများအပေါ် အခြေခံပြီး မိမိတို့ရရှိထားသည့် နိုင်ငံတကာအတွေ့အကြုံများနှင့်အတတ်ပညာရပ်များကို ပေါင်းစပ်ပြီး ပိုမိုတန်ဖိုးမြင့်မားအောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ကန်တော်ကြီးဥယျာဉ်ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းများကိုလည်း ရေရှည်တည်တံ့မှုရှိအောင် ဆက်လက်ထိန်းသိမ်းသွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကန်တော်ကြီးဥယျာဉ် Central Symbol Zone ရှိ Water Plaza တည်ဆောက်မှုလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လိုက်လံပြသရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကန်တော်ကြီးဥယျာဉ် Recreation Zone အတွင်း အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တိရစ္ဆာန်နှင့် ပန်းဥယျာဉ် (ရန်ကုန်) သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌သစ်တောရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်ကတိရစ္ဆာန်နှင့် ပန်းဥယျာဉ် (ရန်ကုန်) အတွင်း အပန်းဖြေလေ့လာသူများ ဝင်ရောက်ကြည့်ရှုလေ့လာမှု အခြေအနေ၊ ဝင်ငွေနှင့် အသုံးစရိတ် အခြေအနေ၊ ဥယျာဉ်အဆင့်မြင့်တင်သည့် လုပ်ငန်းများဖြစ်သည့်မြေယာပြုပြင်မှု၊ ပန်းမန်နှင့် အရိပ်ရသစ်ပင်ကြီးများ စိုက်ပျိုးမှု၊ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရန်ကုန်မြို့တော်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ ၊ ကန်တော်ကြီး ဥယျာဉ်နှင့် တိရစ္ဆာန်နှင့် ပန်းဥယျာဉ်စသည့် မြို့တော်နေ ပြည်သူများ အပန်းဖြေအနားယူကြသော နေရာများကို အဆင့်မြင့်မွမ်းမံမှုများဆောင်ရွက်ပေးခဲ့သဖြင့် အဆိုပါ နေရာများတွင် လာရောက်အပန်းဖြေအနားယူကြသူများ တစ်နေ့တခြားစည်ကားများပြားနေသည်ကို တွေ့ရကြောင်း၊ အဆင့်မြင့်တင်ဆောင်ရွက်ထားရှိမှုများ ရေရှည်တည်တံ့၍ ပျက်ယွင်းမှုမရှိစေရန် ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တိရစ္ဆာန်နှင့် ပန်းဥယျာဉ် (ရန်ကုန်) အတွင်း အဆင့်မြင့်တင်မွမ်းမံမှုများကို လိုက်လံကြည့်ရှုကြသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကန်တော်ကြီးဥယျာဉ် Relaxation Zone ရှိ အဆင့်မြင့်တည်ဆောက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာဇုန်အလိုက်တာဝန်ရှိ ပုဂ္ဂိုလ်များက ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်စင်တာသို့ ရောက်ရှိရာ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အားကစားမောင်မယ်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သိမ်ဖြူတင်းနစ်စင်တာ၌ တည်ဆောက်ထားသော တင်းနစ်ကွင်းများ၊ အားကစားသမားများ တည်းခိုဆောင်များကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေး သီရိမင်္ဂလာ ကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်သို့ရောက်ရှိရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာပါသာဏလိုဏ်ဂူတော်အကြီးစားပြုပြင်မွမ်းမံနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်းအင်ဂျင်နီယာမှူးကြီးဦးညွန့်မောင်စန်းနှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လိုအပ်သည်များကို မှာကြားပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

တင်းနှစ်ကွင်းကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သိမ်ဖြူတင်းနစ်စင်တာ၌ တည်ဆောက်ထားသည့် တင်းနစ်ကွင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မဟာဗောဓိစာပြန်ပွဲတော်ကြီးကျင်းပလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၄

ပဲခူးတိုင်း ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာ သီရိမင်္ဂလာ မဟာဗောဓိစာသင်တိုက်ကြီး၌ ရွှေကျင်နိကာယ မဟာဗောဓိဂိုဏ်းလုံးဆိုင်ရာ (၅၈)ကြိမ်မြောက် မဟာဗောဓိ စာပြန်ပွဲတော်ကြီးကို ကျေးဇူးတော်ရှင် မဟာဗောဓိဝိနည်းပြန်ဌာနဥက္ကဋ္ဌ ဂိုဏ်းချုပ်ဖြစ်တော်မူသော သက်တော်ရှည် မဟာဗောဓိဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍာဝံသကြီးမှူး၍ ဇန်နဝါရီ ၂ ရက်မှ စတင်ကာ ငါးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

စာပြန်ပွဲတော်ရက်များအတွင်း နိုင်ငံကျော်ဓမ္မကထိက ဆရာတော်များ၏ တရားပွဲများကိုလည်း ညစဉ် ကျင်းပသည်။ **(သတင်းစဉ်)**

သားဇာနည်၏အစိဋ္ဌာန်

(၁)

တပ်မတော်ဆေးတက္ကသိုလ်၊ မိခင်ပျို၌
ကွန်းခိုအားသစ်၊ ပြည့်သားချစ်တို့
ခြောက်နှစ်တာမျှ၊ ဖွဲလုံ့လနှင့်
နေ့ညမနား၊ စဉ်ကြိုးစားလျက်
သင်ကြားလေ့ကျင့်၊ အဆင့်ဆင့်လျှင်
စစ်နှင့်ဆေးပညာ၊ ကျွမ်းကျင်စွာဖြင့်
ပြည်ရွာအကျိုး၊ ရွက်သယ်ပိုးရန်
နိုးကြားတည်ကြည်၊ မာန်ဝင့်ချီ
ထွန်းလင်းနေခြည်၊ သားဇာနည်။

(၂)

တောင်ပေါ်ဒေသ၊ ထက်အောက်မှသည်
ပြည်မပြည်နယ်၊ အသွယ်သွယ်ဝယ်
ဘယ်ဆီဘယ်မှာ၊ ဘယ်နေရာဟု
ချိန်ခါမရွေး၊ တာဝန်ပေးသော်
လေးလီသစ္စာ၊ သွေးနီစွာဖြင့်
ညီညာထမ်းရွက်၊ နိုင်ငံတွက်လျှင်
ချီတက်ကြမည် ဘာမထီ။
အားသစ်ဝေစည် တို့နောင်ညီ။

(၃)

ပန်းမြခွာညို၊ ပွင့်သစ်စိုသည့်
ပြာသိုဆောင်းလ၊ ဟေမန္တတွင်
ဗီဇသန္ဓေ၊ ကျောင်းရိပ်မြေမှ
တို့တွေခွဲခွာ၊ ချိန်အခါဝယ်
တာဝန်ထမ်းရွက်၊ အောင်ပွဲဆက်ရင်း
တို့တက္ကသိုလ်ဂုဏ်ရောင်၊ ထွန်းလင်းပြောင်အောင်
စွမ်းဆောင်ကြမည်ဓိဋ္ဌာန်သည်။
အောင်လံလွှင့်လို့ အောင်တေးသီ။
သမားဇာနည်၊ အောင်စစ်သည်။

(တပ်မတော်ဆေးတက္ကသိုလ် အမှတ်စဉ်(၅) ဆေးပညာဘွဲ့ ဗိုလ်လောင်းသင်တန်းကျောင်းဆင်းပွဲသို့ ဂုဏ်ပြုရေးဖွဲ့ပါသည်)

ကျော်ခေါင်ဗလ

မြဝတီရုပ်မြင်သံကြား

၅-၁-၂၀၀၆
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟာနဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ဒုတိယနှစ် (ဝါဏိဇ္ဇဗေဒ)
(ခ)တတိယနှစ်(မြန်မာစာ)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်
၆:၄၅ ၁၇။ မြန်မာ့လက်သီး
၇:၀၀ ၁၈။ ရုပ်ရှင်စုံလင်ရုပ်မြင်ဇာတ်လမ်း **"ညီအစ်မလေးဖော်"** (အပိုင်း-၁၃)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရုပ်ရှင်စုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားနှင့် ရွှေမင်းသမီး"** (အပိုင်း-၁၅)

နိုင်ငံချစ်ပြည်သူတိုင်းလိုလားတောင့်တသည့်မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့်ပါဝင် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကိုထိန်းသိမ်းကာကွယ်လိုစိတ်များမွေးမြူလေ့ကျင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲ ဆုရရှိမြင့်ခြင်းအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၄

၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ယခုနှစ် ကျင်းပပြုလုပ်သည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ အသီးသီးတွင် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်၊ လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏ အနှစ်သာရ၊ လွတ်လပ်ရေး၏ အဓိပ္ပာယ်၊ လွတ်လပ်ရေးကို အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပုံတို့ကို အချက်အလက်၊ အကိုးအကား၊ သမိုင်းအထောက်အထား စုံလင်စွာဖြင့် ရေးသားသရုပ်ဖော်တင်ပြနိုင်ခဲ့ကြသည့် ဆုရကျောင်းသား ကျောင်းသူများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်း ဖြစ်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ယခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်လေးရပ်အဖြစ်–

- **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊**
- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊**
- **ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး**

ဆိုသည့် အမျိုးသားရေး ဦးတည်ချက်များကို ချမှတ်ပေးခဲ့ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် ပြည်ထောင်စုသား ညီအစ်ကိုမောင်နှမများသည် ရှေးနှစ်ပေါင်းများစွာကစပြီး တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ အတူလက်တွဲနေထိုင်ခဲ့ကြကြောင်း၊ ခေတ်အဆက်ဆက်တွင် အမိနိုင်ငံတော်၏ဂုဏ်ကို ထိန်းသိမ်းခဲ့ကြပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အထိပါးမခံသည့် ဇာတိမာန်စိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်များနှင့် ကာကွယ်ခဲ့ကြကြောင်း။

အိမ်နီးချင်းများလေးစားခဲ့

နိုင်ငံတော်၏ စည်းလုံးညီညွတ်ရေး ခိုင်မာသည့် ကာလများတွင် နိုင်ငံတော်၏အင်အားသည် အလွန်ခိုင်မာတောင့်တင်းခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ လေးစားမှုကိုလည်း အပြည့်အဝခံယူခဲ့ရကြောင်း၊ ပုဂံခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် စည်လုံးညီညွတ်သည့် နိုင်ငံတော်ကြီးအဖြစ် သုံးကြိမ်တိုင်တိုင် တည်ထောင်နိုင်ခဲ့သည်ကို သမိုင်းမှာ အထင်အရှား တွေ့နိုင်ကြောင်း။

မျိုးချစ်စိတ်ဓာတ်၊ ဇာတိမာန်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည့် စိတ်ဓာတ်ကောင်းများနှင့် ပြည့်ဝခဲ့သည့် မြန်မာများသည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးများကို ချစ်မြတ်နိုးသူများ ဖြစ်ကြောင်း၊ ကိုယ့်ရိုးရာဓလေ့ကို တန်ဖိုးထားသူများလည်းဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုးအတွက် အသက်စွန့်ဖို့ ဝန်မလေးသူတွေလည်းဖြစ်ကြောင်း၊ ဒီလိုစိတ်ဓာတ်ကောင်းများနှင့် ပြည့်စုံသည့်အတွက်ကြောင့် ဆုံးရှုံးခဲ့ရသည့် လွတ်လပ်ရေးကို အသက်၊ သွေး၊ ချွေးများနှင့် စတေးပြီး ပြန်လည်ရယူနိုင်ခဲ့ကြောင်း။

ရရှိပြီးသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် အစဉ်ကာကွယ်စောင့်ရှောက်ကြရမှာဖြစ်သလို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရေးအတွက် နိုင်ငံသားအားလုံးအားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် တာဝန်သည်လည်း အမျိုးသားရေးတာဝန်၊ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်ကြောင်း။

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်က ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် အသင်းနာယကကြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

လွတ်လပ်ရေးရပြီးနောက် ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအခြေအနေများကို ဆန်းစစ်ပြီး ရရှိခဲ့တဲ့ သင်ခန်းစာများကြောင့် အနာဂတ်မှာ ဒီမိုကရေစီကျင့်စဉ်ကို တန်ဖိုးရှိရှိ၊ စည်းကမ်းရှိရှိ ကျင့်သုံးနိုင်အောင် ပဓာနကျတဲ့ အခြေအနေသုံးရပ်ကို ပြည့်စုံအောင် အားထုတ်ကြရမှာ ဖြစ်တယ်။ အဲဒါတွေကတော့ နိုင်ငံတော်အေးချမ်းတည်ငြိမ်အောင် ဆောင်ရွက်ရေး၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့စီးပွားရေး ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရေးနဲ့ အမျိုးသားပညာရည်မြင့်မားအောင် ဆောင်ရွက်ရေး တို့ပဲ ဖြစ်တယ်။

ဟု လမ်းညွှန်မြွက်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် မိမိတို့၏ စွမ်းပကားကို အပြည့်အဝ အသုံးချပြီး အားသွန်ခွန်စိုက် ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်သစ်ကြီးရှေးရှု

ယခုအခါတွင် နိုင်ငံတော်အစိုးရအနေနှင့် လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုနှင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်ကို ရောက်ရှိနေပြီဖြစ်သည့် အမိနိုင်ငံတော်ကြီးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာရေးကို ရှေးရှုနေပြီဖြစ်ကြောင်း။

ပူးပေါင်းလျက်ရှိ

နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နိုင်ငံ့တာဝန်ရယူချိန်ကစပြီး ဦးစားပေးပြီး အကောင်အထည်ဖော်ခဲ့ကြောင်း၊ တိုင်းရင်းသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပဲ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ရေးအတွက် အပြန်အလှန် ယုံကြည်မှုများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း(၁၇)ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြောင်း၊ ယခုအချိန်အခါတွင် ယင်းအဖွဲ့အစည်းများ၏ တိုင်းရင်းသားခေါင်းဆောင်များသည် မိမိတို့၏ဒေသမှာသာမက နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများမှာပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတကာ ဆက်ဆံရေးကဏ္ဍတွင်လည်း မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ကြိုးပမ်းလျက်ရှိ

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် စီးပွားရေး၊ လူမှုရေးနှင့် ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားစီမံကိန်း အဆင့်ဆင့်ချမှတ်ပြီး စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း။

စက်မှုလုပ်ငန်းတိုးတက်ရေး

စီးပွားရေးကဏ္ဍတွင် လယ်ယာကဏ္ဍကို အထူးအလေးထား တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ခေတ်မီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးမှုသည်လည်း အရေးပါသည့်အလျောက် နိုင်ငံပိုင် စက်မှုလုပ်ငန်းကြီးများ၏ စွမ်းဆောင်မှုအရည်အသွေး မြင့်မားအောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေသအလိုက် စက်မှုလုပ်ငန်းများ တိုးတက်ရေးကိုလည်း အားပေးခဲ့ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အခြေခံအဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတစ်ဝန်းလုံးတွင် လမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများကို ဖြန့်ကြက် တည်ဆောက်ပေးလျက်ရှိသည့်အတွက် ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းလာခဲ့ကြောင်း။

ယနေ့အချိန်အခါသည် ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသား ပြည်သူအားလုံး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းနေသည့် အချိန်အခါဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဆိုသည့် အမျိုးသားရေးဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အခြေခံပညာကဏ္ဍမှာ အခြေခံပညာ ကျောင်းပေါင်း လေးသောင်းကျော်အထိ တိုးတက်လာခဲ့ကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၄ ခု အထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ သင်ကြားရေး အစီအစဉ်တွင်လည်း ဘာသာရပ်များ၊ သင်တန်းများကို တိုးချဲ့ရာတွင် ပါရဂူဘွဲ့သင်တန်းများအထိ ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်း

ကျန်းမာရေးကဏ္ဍတွင်လည်း ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်လာမှုကို မြင်တွေ့နေရပြီး ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး မြင့်မြင့်မားမားနှင့် ပြည့်ပြည့်ဝဝ ရရှိလာခြင်းသည် နိုင်ငံတော်၏ လူမှုရေးကဏ္ဍ အဆင့်အတန်း တိုးတက်မြင့်မားမှုကို ဖော်ညွှန်းပြသနေကြောင်း၊ ဆေးပညာတက္ကသိုလ်အနေဖြင့် ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် ဆေးပညာဆိုင်ရာတက္ကသိုလ် ၁၄ ခုအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ဆက်သွယ်ရေးကဏ္ဍတွင်လည်း နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်နေသည့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာသစ်များကို အသုံးပြုပြီး နိုင်ငံတကာဆက်သွယ်ရေးကွန်ရက်တွင် လိုက်လျောညီထွေ ချိတ်ဆက်ထားနိုင်နေပြီဖြစ်ကြောင်း။

အင်တိုက်အားတိုက်ပါဝင်

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ချမှတ်ထားပြီးဖြစ်ကြောင်း၊ ယင်းမူဝါဒလမ်းစဉ်ခုနစ်ရပ်သည် အနာဂတ်နိုင်ငံတော်၏ အခြေခံအုတ်မြစ်များဖြစ်ကြောင်း၊ နိုင်ငံတော်ကိုချစ်မြတ်နိုးကြသည့်ပြည်သူတိုင်းက လိုလားတောင့်တ

စာမျက်နှာ ၇ ကော်လံ ၁ သို့

● ကျောဖုံးမှ

အခမ်းအနားသို့ ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ဒုတိယ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန် တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ (၅၆)နှစ် မြောက် လွတ်လပ်ရေးနေ့ အထိမ်း အမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင် သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူ တာပန်းချီပြိုင်ပွဲကျင်းပရေး ဆပ် ကော်မတီမှ တာဝန်ရှိသူများ၊ ဆုရ ကျောင်းသားကျောင်းသူများနှင့် အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြ သည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ၂၀၀၄ ခုနှစ် (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီအတွင်းရေးမှူး ပညာရေး ဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေး မှူးချုပ် ဦးစောလွင်က အခမ်းအနားမှူး အဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရ ရှေးဦးစွာ ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံ တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာ စကားပြောကြားသည်။

ယင်းနောက် ၂၀၀၄ ခုနှစ် (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်း အမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင် သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန် ပျူတာ ပန်းချီပြိုင်ပွဲကျင်းပရေး ဆပ် ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုး မင်းက ပြိုင်ပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ၂၀၀၄ ခုနှစ် (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပ ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းက ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်း သူများအား ဆုချီးမြှင့်ရာ ရှေးဦးစွာ အခြေခံပညာအလယ်တန်းဆင့် စာစီ စာကုံးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန် တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်း ကျောင်းမှ သတ္တမတန်းကျောင်းသူ မချွေစင်၊ ဒုတိယဆုရ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်း ကျောင်းသူ မနုထက်ထက်လွင်နှင့် တတိယဆုရ မွန်ပြည်နယ် မော်လမြိုင် မြို့ အမှတ်(၄) အခြေခံပညာအလယ် တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်း သား မောင်နိုင်အုပ်ကျော်တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ အခြေခံပညာ အလယ်တန်းဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်မြစ်ကြီးနား မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ပဥ္စမတန်း ကျောင်းသား မောင်ထက်အောင်လင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းမှ ဆဋ္ဌမတန်းကျောင်းသား မောင်သာနိုးနှင့်တတိယဆုရ ထားဝယ် မြို့ အမှတ်(၁) အခြေခံပညာအလယ် တန်းကျောင်းမှ သတ္တမတန်း ကျောင်း သား မောင်အောင်သူရိန်ထွန်းတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် အခြေခံပညာအလယ် တန်းဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ တွင် ပထမဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ် (၃)အခြေခံပညာအထက်တန်း ကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ဇောတိကမောင်မောင်မြင့်၊ ဒုတိယဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ်

၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ခုနှစ်(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲခမ်းအနားတွင် အခြေခံပညာအလယ်တန်းဆင့် ကဗျာပြိုင်ပွဲ၌ ပထမဆုရ မြစ်ကြီးနားမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ပဥ္စမတန်းကျောင်းသား မောင်ထက်အောင်လင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှတ်(၃) အခြေခံပညာအထက် တန်းကျောင်းမှ သတ္တမတန်းကျောင်း သား မောင်ကောင်းစည်သူနှင့် တတိယ ဆုရ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ရန်နိုင်ဦးတို့အား ဆုများချီးမြှင့် သည်။

ဆက်လက်၍ အခြေခံပညာ အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲ တွင် ပထမဆုရ ပဲခူးတိုင်း သုံးဆယ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မဝေသီမြင့်၊ ဒုတိယဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်း ကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဧပရယ်ထွန်းနှင့် တတိယဆုရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မယဉ်မင်းအေး တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် အခြေခံပညာ အထက်တန်းဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်း နတ်တလင်း အခြေခံပညာ အထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်သူရစိုး၊ ဒုတိယဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ် (၆) အခြေခံပညာအထက် တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမေဇင်ဦးနှင့် တတိယဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ အဋ္ဌမတန်း ကျောင်းသူ မနန်းငုဝါဖူးပွင့်ဦးတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ အခြေခံပညာ အထက်တန်းဆင့် ကွန်ပျူတာ ပန်းချီ ပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံ ပညာအထက်တန်းကျောင်းမှ အဋ္ဌမ တန်းကျောင်းသူ မရွှေရည်ဝင်း၊ ဒုတိယ ဆုရ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက် တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မသရဖူအောင်နှင့် တတိယဆုရ ရခိုင် ပြည်နယ် စစ်တွေမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်မြတ် ဖော်ဟိန်းတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် အခြေခံပညာ အထက် တန်းဆင့် ရုပ်မြင်သံကြား ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်း တိုင်း စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံ ပညာ အထက်တန်းကျောင်းမှ အဋ္ဌမ တန်းကျောင်းသူ မတင်ဆုမွန်၊ ဒုတိယ ဆုရ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်း ကျောင်းမှ နဝမတန်းကျောင်းသူ မပန်း ငြိမ်းဟန်နှင့် တတိယဆုရ မကွေးတိုင်း မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသား မောင်ပိုင်စိုးသူဝင်းဦးနှင့် တတိယဆုရ ရန်ကုန်တိုင်း ကမာရွတ် မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသူ မမေသက်နွယ်ဦးတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်စာစီစာကုံးပြိုင်ပွဲ တွင်ပထမဆုရ တပ်မတော်နည်းပညာ တက္ကသိုလ်မှ စတုတ္ထနှစ် အီလက် ထရွန်နစ် ကျောင်းသား ဗိုလ်လောင်း ဝေဇင်သိန်း၊ ဒုတိယဆုရ ဆေးဝါး ကျွမ်းကျင်မှု တက္ကသိုလ် (မန္တလေး)မှ တတိယနှစ်ကျောင်းသူ မသဲဦးလွင်နှင့် တတိယဆုရ ပြည်ထောင်စုတိုင်းရင်း သားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)မှ ဒုတိယနှစ် စက်မှုစွမ်းအား ကျောင်းသား မောင်နေ သူရိန်စိန်လှတို့အား ဆုများချီးမြှင့် သည်။

ယင်းနောက် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ကဗျာပြိုင်ပွဲ တွင် ပထမဆုရ ပဲခူးဒီဂရီကောလိပ်မှ တတိယနှစ် မြန်မာစာဂုဏ်ထူးတန်း ကျောင်းသူ မစောဣန္ဒြာသက်မောင်၊ ဒုတိယဆုရ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ အမ်ဘီဘီအက်စ် ကျောင်း သား မောင်သီဟထွန်းနှင့် တတိယ ဆုရ တပ်မတော်နည်းပညာတက္ကသိုလ် (ပြင်ဦးလွင်)မှ တတိယနှစ် စက်မှု အင်ဂျင်နီယာကျောင်းသား ဗိုလ်လောင်း ဘိုဘိုအောင်တို့အား ဆုများချီးမြှင့် သည်။

ဆက်လက်၍ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမဆုရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)မှ တတိယနှစ် ပညာရေးဘွဲ့သင်တန်း ကျောင်းသားမောင်နေမျိုးလွင်၊ ဒုတိယ ဆုရ ဒဂုံတက္ကသိုလ် တတိယနှစ် ဂုဏ်ထူးတန်း ရူပဗေဒကျောင်းသူ မမော်လီသန်း၊ တတိယဆုရ တပ်မ တော် နည်းပညာတက္ကသိုလ်မှ နောက် ဆုံးနှစ် စက်မှုကျောင်းသားဗိုလ်လောင်း စန်းယုနိုင်နှင့် တတိယဆုရ ပြည် ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)မှ ဒုတိယနှစ် စက်မှုစွမ်းအား ကျောင်းသား မောင်နေသူရိန်စိန်လှ တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား အခြေခံပညာ အထက်တန်းဆင့် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ တွင် တတိယ ဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းမှ နဝမတန်းကျောင်းသူ မမေသက်နွယ်ဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားရာတွင် မြန်မာ့လွတ်လပ်ရေးနေ့သည် မြန်မာ နိုင်ငံသမိုင်းတွင် အလွန်ထူးခြားသည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ မိမိတို့၏ မြန်မာနိုင်ငံတော်ကြီးသည် ရှေးနှစ် ပေါင်းများစွာကတည်းက ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် မိမိ အချုပ်အခြာအာဏာကို မိမိပိုင်ဆိုင် သည့်လွတ်လပ်သော နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်ခဲ့ရာက ၁၉ ရာစုကုန်ခါနီး တွင် နိုင်ငံတော်ကြီး၏ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရကြောင်း။

သမိုင်းပေးတာဝန်ဖြစ်

မိမိတို့၏ အဘိုးအဘွားများဖြစ် သည့် တိုင်းရင်းသားညီအစ်ကို မောင် နှမများသည် ဆုံးရှုံးသွားသည့် လွတ် လပ်ရေးကို ပြန်လည်ရရှိအောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ခဲ့ကြသည့် အတွက် ဆုံးရှုံးခဲ့သည့်လွတ်လပ်ရေး နှင့် အချုပ်အခြာအာဏာကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြန်လည်ရရှိခဲ့ကြောင်း။

ပြန်လည်ရရှိခဲ့သည့် လွတ်လပ်ရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည့် တာဝန်သည် မိမိ တို့ကျောင်းသားကျောင်းသူ လူငယ် များအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်ကြောင်း။

ယနေ့ ၂၁ ရာစုကာလတွင် မြန်မာ နိုင်ငံတော်ကြီးကို အေးချမ်းသာယာ ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ တော်သစ်ကြီးအဖြစ် တည်ဆောက်ရေး အတွက် ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည် ဖော်လျက်ရှိ ကြောင်း၊ ဤကဲ့သို့ အချိန်ကာလ မျိုးတွင် ကြုံတွေ့လာရမည့် ပြဿနာ များ၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ပညာရေးအရ စိန်ခေါ်မှုများကို မိမိတို့၏ တိုင်းချစ်ပြည်ချစ် အမျိုး ချစ်သည့် စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ် စသည့် ကိုယ်ခံအင်အား များဖြင့် ကြံ့ကြံ့ခံပြီး အောင်အောင် မြင်မြင် ဖြေရှင်းနိုင်ရန် ပြင်ဆင်ထား ရမှာ ဖြစ်ကြောင်း။

ယခုအချိန်တွင် နိုင်ငံတော်က ချမှတ် ဆောင်ရွက်လျက်ရှိသည့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်ကြီး တည်ဆောက် အံ့ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့ ကျောင်းသူ ကျောင်းသားများအနေဖြင့် တက်တက်ကြွကြွပါဝင်ပြီး ပညာ ပြည့်ဝ စိတ်ဓာတ်လှသူများဖြစ်အောင် ကြိုးပမ်းအားထုတ် ကြပါမည်ဟု ပြောကြားလိုကြောင်း။

ကျရာတာဝန်သယ်ပိုးမည်

နိဂုံးချုပ်အားဖြင့် မိမိတို့ကျောင်း သား ကျောင်းသူများသည် (၅၆)နှစ် မြောက် လွတ်လပ်ရေးနေ့ အမျိုးသား ရေး ဦးတည်ချက်များကို အလေး အနက်ခံယူ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ တော်တည်ဆောက်ရာတွင် ကျရာ တာဝန်ကို တက်ကြွကျေပွန်စွာ ထာဝစဉ်သယ်ပိုးထမ်းဆောင် သွား ပါမည်ဟု လေးစားစွာ ဂါရဝပြုကတိ ပေးအပ်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံ တော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဗဟို ကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေး မှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် နှင့် အဖွဲ့ဝင်များသည် ဆုရကျောင်း သားကျောင်းသူများနှင့်အတူ စုပေါင်း ၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

နေကြသည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ကျရာကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝနှင့် အင်တိုက်အားတိုက် ပါဝင်ရန်လည်းလိုအပ်ကြောင်း။

ယနေ့ ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များသည် လွတ်လပ်ရေး၏ အဓိပ္ပာယ်နှင့်အနှစ်သာရကို သိရှိနားလည်သဘောပေါက်စေဖို့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွေ၊ ကဗျာပြိုင်ပွဲတွေကို ကျင်းပပြုလုပ်ခဲ့ခြင်းသည် ယခုနှစ်ပါဆိုလျှင် (၁၃)ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲမှာ ယခုပြိုင်ပွဲပါဆိုလျှင်(၁၂)ကြိမ်ရှိပြီး ကွန်ပျူတာပန်းချီပြိုင်ပွဲမှာ (၈)ကြိမ် ရှိပြီဖြစ်ကြောင်း။

ဒီနှစ်အတွင်း တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံး ပြိုင်ပွဲခေါင်းစဉ်အဖြစ် **နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အားမာန်သစ်များ**၊ ကဗျာပြိုင်ပွဲခေါင်းစဉ်အဖြစ် **မျိုးချစ်မြန်မာ ပီစိမ့်ဌာလျှင်**၊ အခြေခံ ပညာအထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲခေါင်းစဉ်အဖြစ် **ပညာရေးဖြင့် တည်ဆောက်နေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်**၊ ကဗျာပြိုင်ပွဲ ခေါင်းစဉ်အဖြစ် **အောင်လံတလူလူ**၊ အခြေခံပညာအလယ်တန်းဆင့် စာစီစာကုံး ပြိုင်ပွဲခေါင်းစဉ်အဖြစ် **မြန်မာပြည်သည် ဒို့ပြည်**၊ ကဗျာပြိုင်ပွဲခေါင်းစဉ်ဖြင့် **အေးချမ်းခေတ်မီ ပြည်သစ်တည်** စသည့် ခေါင်းစဉ်များကို သတ်မှတ်ခဲ့ပြီး ပြိုင်ပွဲများကို ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ယှဉ်ပြိုင်သူ နှစ်ထောင့်ရှစ်ရာ နှစ်ဆယ့် ငါးဦး၊ အခြေခံပညာ အထက်တန်းဆင့် ယှဉ်ပြိုင်သူ တစ်သိန်းနှစ်သောင်းတစ်ထောင့်ရှစ်ရာခုနစ်ဆယ့် ခြောက်ဦး၊ အခြေခံပညာအလယ်တန်းဆင့်ယှဉ်ပြိုင်သူ နှစ်သိန်းတစ်သောင်း ငါးထောင့်နှစ်ရာငါးဆယ့်ရှစ်ဦးဖြစ်လို့ ပါဝင်ယှဉ်ပြိုင်သူ ကျောင်းသားကျောင်းသူ စုစုပေါင်းသုံးသိန်းသုံးသောင်းကိုးထောင့်ကိုးရာငါးဆယ့်ကိုးဦးဖြစ်ကြောင်း။

ယခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာ ပြိုင်ပွဲများ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများတွင် ကျောင်းသားကျောင်းသူများအနေဖြင့် အဆင့်တိုင်းတွင် တက်ကြွစွာပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တစ်နှစ်ထက်တစ်နှစ် အရေအတွက်သာမက အရည်အချင်းပါ တိုးတက်မြင့်မားလာကြောင်း ဂုဏ်ယူအားရဖွယ်ရာတွေ့ရှိခဲ့ ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုလို ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပပြုလုပ်ခဲ့သည့် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများသာမက ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူအားလုံးနှင့် လူငယ်ထုတစ်ရပ်လုံးက–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် အစဉ်အမြဲ လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက် သွားကြပါ၊**
- **အရည်အသွေးမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက် ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း အောင်မြင်အောင် ကျရာကဏ္ဍမှာ ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်ကြပါ၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးနဲ့အတူ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ၊**
- **(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များနှင့်အညီ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အစဉ်အမြဲထိန်းသိမ်း ကာကွယ်စောင့်ရှောက်လိုတဲ့ စိတ်ဓာတ်များ ပိုမိုရှင်သန်ထက်မြက် လာအောင် လူငယ်လူရွယ် ကျောင်းသားကျောင်းသူများအနေနဲ့ မွေးမြူလေ့ကျင့်ကြပါ**

ဟု မှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်း ပြောကြားသွားသည်။

(သတင်းစဉ်)



သမိုင်းတစ်ခေတ် နိုင်ငံသစ်ဆီသို့

ကြယ်ဖြူ

ယနေ့ကာလ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မည်သည့်ကာလကမျှ မရရှိခဲ့ဖူးသည့် တည်ငြိမ်ခြင်း၊ အေးချမ်းခြင်းနှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း အကျိုးရလဒ်ကောင်းများကို ရရှိခဲ့ပြီဖြစ်သည်။ ထိုမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ဘက်စုံ ကဏ္ဍစုံတွင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ယခုအချိန်တွင် တိုင်းရင်းသားပြည်သူများသည် လူမှုစီးပွားရေးကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သည်။

ဆက်လက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် (Road Map)ကို တိုင်းပြည်သို့ တရားဝင် ရှင်းလင်းကြေညာခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်နှင့် စပ်လျဉ်း၍ အပိုင်းသုံးပိုင်းခွဲ၍ ရှင်းလင်းပြောကြားခဲ့သည်။

ပထမပိုင်းတွင် လက်ရှိအစိုးရအဖွဲ့ နိုင်ငံတော်၏ တာဝန်ကို စတင်ယူချိန်မှစပြီး ယနေ့အချိန်အထိ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယပိုင်းတွင် နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှုများကို ရှင်းလင်းပြောကြားခဲ့သည်။ တတိယပိုင်းတွင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ အရပ်ရပ်နှင့်အညီ နိုင်ငံတော်၏ သမိုင်းကြောင်းအခြေခံများ၊ တိုင်းရင်းသားပြည်သူတို့၏ ယဉ်ကျေးမှု ဓလေ့စရိုက်များကို အခြေခံပြီး အနာဂတ်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာရေးအတွက် ဆက်လက် အကောင်အထည်ဖော်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို အဆင့်ဆင့် ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းတို့မှာ–

ပထမအဆင့် – ၁၉၉၆ ခုနှစ်ကစတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည် ကျင်းပခြင်း။

ဒုတိယအဆင့် – အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း။

တတိယအဆင့် – အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်း။

စတုတ္ထအဆင့် – ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း။

ပဉ္စမအဆင့် – ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း။

ဆဋ္ဌမအဆင့် – ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော် ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်း။

သတ္တမအဆင့် – လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော် အကြီးအကဲများနှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင် အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် သစ်တည်ဆောက်ခြင်းတို့ဖြစ်ကြသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၀ ရက်မှ အောက်တိုဘာလ ၁၉ ရက်နေ့အထိ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပဲခူးတိုင်း(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် လူထုအစည်းအဝေးကြီးများ ကျင်းပ၍ တစ်ခဲနက် ကြိုဆိုထောက်ခံခဲ့ကြသည်။ ထို့ပြင် ပြည်ထောင်စုကြီးတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ပုဂံလူထုအစည်းအဝေးကြီး ကျင်းပ၍ တစ်ခဲနက်ထပ်ဆင့် ကြိုဆိုထောက်ခံခဲ့ကြသည်။

ပုဂံလူထုအစည်းအဝေးကြီးက ကြေညာချက်ခုနစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

ပုဂံလူထုအစည်းအဝေးကြီးတွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေး အဆိုတစ်ရပ်ကို လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မှုအပေါ် ဂုဏ်ပြုရေးနှင့် ပြည်ထောင်စုတိုင်းရင်းသားအပေါင်းက ဆက်လက် ထိန်းသိမ်းကာကွယ်ရေး အဆိုတစ်ရပ်ကို လည်းကောင်း တင်သွင်းခဲ့သည်။ ယင်း အဆိုနှစ်ရပ်စလုံးကို ပုဂံလူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့က တညီတညွတ်တည်း တစ်ခဲနက် သဘောတူထောက်ခံခဲ့ကြသည်။

အလားတူ ၂၀၀၃ ခုနှစ် အောက်တိုဘာလက အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးညီလာခံတွင်လည်း မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် (Road Map) ကို အာဆီယံခေါင်းဆောင်များက ချီးကျူးထောက်ခံခဲ့ကြသည်။ ထို့ပြင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအန်နန်ကလည်း မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ် ခုနစ်ရပ်မှာ အားရဖွယ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားညီလာခံ ကျင်းပသွားရန် ရည်ရွယ်ချက်ကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှုများ စတင်နေပြီဖြစ်သည်။ အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သော အဓိကအဖွဲ့အစည်း သုံးဖွဲ့ဖြစ်သည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းခဲ့ပြီး အမျိုးသားညီလာခံကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သည် အမျိုးသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာစေရန်နှင့် သက်ဆိုင်ရာဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် တိုင်းရင်းသားညီအစ်ကိုများ နေထိုင်သည့် တိုင်းနှင့်ပြည်နယ်များသို့ ကျယ်ကျယ်ပြန့်ပြန့် သွားရောက်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့ အနက် ပအိုဝ်း

ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ထွန်း
တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညာလက်တွဲ၍ ကြိုးပမ်းချီတက်ကြပါစို့

တစ်ခဲနက်တက်ရောက်

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေး လူထုအစည်းအဝေးကို ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၁ ရက်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီခြေတော်ရင်းရှိ အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ တိုင်းရင်းသားပြည်သူများ တစ်ခဲနက်တက်ရောက်ခဲ့ကြစဉ်။



(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

တစ်ခဲနက် ပါဝင်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့်စပ်လျဉ်းသည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ တစ်ခဲနက်ပါဝင်တက်ရောက်ကြသော ဒေသခံတိုင်းရင်းသားပြည်သူများကို တွေ့ရစဉ်။

...က်သစ်ကြီးဖြစ်ထွန်းရေးပန်းတိုင်သို့ ...ပမ်းချီတက်ကြပါစို့

အမျိုးသားအဖွဲ့ချုပ်၊ကယန်းပြည်သစ်ပါတီ၊ကယားပြည်နယ်အထူးဒေသ(၂)အဖွဲ့မှ ခေါင်းဆောင်များအပါအဝင် ခုနစ်ဖွဲ့နှင့် မကြာမီက တွေ့ဆုံခဲ့ရာတွင် ထိုခုနစ်ဖွဲ့စလုံးက နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ကြိုဆို ထောက်ခံကြောင်း၊ အမျိုးသားညီလာခံသို့ မပျက်မကွက် တက်ရောက်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျန်အဖွဲ့များနှင့်လည်း ဆက်လက်တွေ့ဆုံသွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို မဖြစ်မနေ အကောင်အထည်ဖော်သွားရန် သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နှစ်ပေါင်းထောင်ချီ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် ပြည်ထောင်စုကြီး၏ သမိုင်းကြောင်း အစဉ်အလာကို မထိခိုက်သော၊ မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မထိပါးစေသော၊ အမျိုးသားရေး စရိုက်လက္ခဏာကို မယိုယွင်းစေသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ပီပြင်စွာထွန်းကားရေးသည်အဓိက ဖြစ်ပေသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ ရေရှည်အကျိုးစီးပွား အလို့ငှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်သည့် အမျိုးသားရေးပန်းတိုင်သို့ ချီတက်ရာတွင် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ခိုင်ခိုင်မြဲမြဲ နှလုံးသွင်းထားရမည်ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်ထွန်းမှသာ နိုင်ငံတော် တည်ငြိမ်အေးချမ်းမည်ဖြစ်ပေသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆောက်အအုံများပေါ်ထွန်းလာမည် ဖြစ်ပေသည်။ ထိုမှဆက်၍ အမျိုးသား စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှုအရှိန်အဟုန်ကို မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။ အလားတူပင် အမျိုးသားစီးပွားရေး တိုးပွားစည်ပင်မှုအခြေခံကောင်းများသည် တိုင်းရင်းသားစည်းလုံးညွတ်ရေးနှင့် ပြည်ထောင်စုအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့ကို ပိုမိုခိုင်ခံ့စေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုတို့ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းလာရန်အတွက် နိုင်ငံတော် သည် တည်ငြိမ်အေးချမ်းရန် လိုအပ်ပေသည်။နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေး ခိုင်မာတောင့်တင်း အောင်ဆောင်ရွက်ရန်လိုအပ်ပေသည်။ ထို့အပြင် တစ်မျိုးသားလုံး၏ အမျိုးသားပညာရည်အဆင့်မြင့်မားနေရန်လည်း လိုအပ်ပေသည်။

သို့ဖြစ်ရာ ရရှိထားပြီးဖြစ်သော နိုင်ငံတော်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့်အတူ အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား **ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရေး** (တစ်နည်းအားဖြင့်) **သမိုင်းတစ်ခေတ် နိုင်ငံသစ်ဆီသို့** ဟူသည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးအတွက် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ပူးပေါင်း၍ ခွဲ၊ လုံ့လ၊ ဝီရိယအားများကို ပိုမိုစိုက်ထုတ်လျက် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းချီတက်ကြပါစို့ဟု တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

တစ်ခဲနက် ချီတက်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် ခုနစ်ရပ်နှင့် စပ်လျဉ်းသည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်း အဝေးကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း(အပေါ်ပုံ)နှင့် ကရင်ပြည်နယ် ဘားအံမြို့ (ဝဲပုံ)၌ ကျင်းပရာ တိုင်းရင်းသား ပြည်သူများ ဤသို့ တစ်ခဲနက်တက်ရောက်ကြသည်။

တစ်ခဲနက်ထောက်ခံ

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော် ဝန်ကြီးချုပ်၏ မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်း အဝေးကို ချင်းပြည်နယ် ဟားခါးမြို့ရှိ အားကစားဥယျာဉ်၌ စည်ကား သိုက်မြိုက်စွာ ကျင်းပရာ တက်ရောက်လာသူများက ဤသို့ ကြွေးကြော်သံများဖြင့် တစ်ခဲနက် ကြွေးကြော် ထောက်ခံခဲ့ကြသည်။

တစ်ခဲနက်ကြွေးကြော်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို မွန်ပြည်နယ် မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ တက်ရောက်လာသူများက ဤသို့ ကြွေးကြော်သံများဖြင့် တစ်ခဲနက်ကြွေးကြော် ထောက်ခံခဲ့ကြသည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁/၂၀၀၄

၁၃၆၅ခုနှစ်၊ ပြာသိုလဆန်း ၁၃ရက်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင်ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆပ်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်–

(ယမန်နေ့ကအဆက်)

ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁၃။ ဘဒ္ဒန္တဓမ္မာဝုဓ မြတ်ရွှေဂူစာသင်တိုက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။
၁၄။ ဘဒ္ဒန္တဥတ္တမ ဓမ္မကာမီ ပရိယတ္တိစာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၁၅။ ဘဒ္ဒန္တဣန္ဒဝံသ ဒက္ခိဏာရာမဝိဟာရတောင်ကျောင်း၊ ရမ်းဗြဲမြို့၊ ရခိုင်ပြည်နယ်။
၁၆။ ဘဒ္ဒန္တဇနိန္ဒ တန်းခိုးပရိယတ္တိစာသင်တိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
၁၇။ ဘဒ္ဒန္တတေဇဝန္တ သာယာကုန်းကျောင်း၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်း။
၁၈။ ဘဒ္ဒန္တဥတ္တမသာရ ကျောင်းသစ်ကျောင်းတိုက်၊ တွံတေးမြို့၊ ရန်ကုန်တိုင်း။
၁၉။ ဘဒ္ဒန္တဉာဏဝံသ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၀။ ဘဒ္ဒန္တဝိသုဒ္ဓရံသီ ဓမ္မသိင်္ဂီပျော်ဘွယ်ကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၂၁။ ဘဒ္ဒန္တဝေပုလ္လ ဥယျာဉ်ကျောင်း၊မိုင်းပွန်မြို့၊ရှမ်းပြည်နယ်(တောင်ပိုင်း)။
၂၂။ ဘဒ္ဒန္တတိလောကမိုးကောင်းစာသင်တိုက်၊ကျောင်းကုန်းမြို့၊ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၂၃။ ဒေါ်ကောဝလ ဇေယျသိင်္ဂီချောင် သီလရှင်ကျောင်းတိုက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်။
၂၄။ ဒေါ်ကဥ္စနရံသီ သမိဒ္ဓေါဒယ ဓမ္မဇောတိကာရုံကျောင်း၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၂၅။ ဒေါ်သုစန္ဒာ ဓမ္မာရုံသီလရှင်စာသင်တိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၂၆။ ဒေါ်ဝံသစာရီ ပဋ္ဌာရာမသီလရှင်ကျောင်းတိုက်၊ ဆောမြို့၊ မကွေးတိုင်း။
၂၇။ ဒေါ်ဥတ္တရဝတီ ဇိနောဒယသီလရှင်စာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၂၈။ ဒေါ်ရူပသိင်္ဂီ သဒ္ဓမ္မပါလစာသင်တိုက်၊ သမ္ဗုဒ္ဓေချောင်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၂၉။ ဒေါ်အာယုဉာဏီ အနီဃာသီလရှင်စာသင်တိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၃၀။ ဒေါ်ပညာသိင်္ဂီ တြိရတနာသီလရှင်စာသင်တိုက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပညာသာမိ အရိယဝံသကျောင်း၊ အမှတ်(၁)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။
၂။ ဘဒ္ဒန္တသုမန မိုးညှင်းသမ္ဗုဒ္ဓေကျောင်းတိုက်၊ မြေနဲကျေးရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။
၃။ ဘဒ္ဒန္တဇနန သိင်္ဂါရုံကျောင်းတိုက်၊ ခင်မွန်ကျေးရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်း။
၄။ ဘဒ္ဒန္တအာသဘ မဟာစည်သာသနာ့ရိပ်သာ၊ ကေတုမတီမြို့သစ်၊ တောင်ငူမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၅။ ဘဒ္ဒန္တသြသဓ ကန်ဖျားမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ဝက်ထီးကန်မြို့၊ ပြည်မြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၆။ ဘဒ္ဒန္တသုန္ဒရ မိုးကုတ်ရိပ်သာကျောင်း၊ အမှတ်(၃)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။
၇။ ဘဒ္ဒန္တကောသလ္လ ရတနာပင်စည်ဘုရားကြီးတပ်ဦးကျောင်း၊ မောင်းတိုင်(၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်း။

မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုဒဿန ကျောက်ဝိုင်းကျောင်းတိုက်၊ ရွာသာယာရွာ၊ ထန်းတပင်မြို့နယ်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၂။ ဘဒ္ဒန္တသုဝဏ္ဏ ဝိမလဓမ္မနာဒ (ဓာတ်လယ်) ကျောင်းတိုက်၊ ဓညဝတီရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
၃။ ဘဒ္ဒန္တပဏ္ဏဝံသ မဟာစည်မြဝတီသာသနာ့ရိပ်သာ၊ ကြီးပွားရေးရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဘဒ္ဒန္တဉာနသာမိ ဓမ္မစကြာပဋိပတ်ရိပ်သာကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တအရိယဝံသ တပ်ရာကုန်းကျောင်းတိုက်၊ မြို့မရပ်ကွက်၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်း။

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုန္ဒိယ မဲဘောင်ကျောင်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်။
၂။ ဘဒ္ဒန္တဇနိန္ဒ ဇမ္ဗူမင်္ဂလာကျောင်းတိုက်၊ ထုံးဘိုရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၃။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထူပါရုံစာသင်တိုက်ကြီးနှင့် မဟာထူပါရုံမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ သုံးဆယ်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၄။ ဘဒ္ဒန္တပညာဒီပ ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက်၊ ဇုတ်သုတ်စံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။
၅။ ဘဒ္ဒန္တဇဝန လေသာပရိယတ္တိပြန့်ပွားရေးကျောင်းတိုက်၊ စုကြီးရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း ။
၆။ ဘဒ္ဒန္တအဂ္ဂိယ ဇယမေဒနီဝါဆိုကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဒေးဝန်းအရှေ့ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။
၇။ ဘဒ္ဒန္တဂန္ဓမာနန္ဒ ပရိယတ္တိပါရဂူစာသင်တိုက်၊ ဆပ်သွားအလယ်ရွာ၊ ဂွမြို့နယ်၊ ရခိုင်ပြည်နယ်။
၈။ ဘဒ္ဒန္တပညိန္ဒာဘိဝံသ မဟာအောင်မြေဘုံစံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၉။ ဘဒ္ဒန္တသောဘန သောဘနာဝါသကျောင်း၊ မြသိန်းတန်ပရိယတ္တိစာသင်တိုက်၊ (၁၀) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ အရှေ့ပိုင်းခရိုင်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ နာရဒ ပရဟိတကျောင်း၊ကျွန်းပင်သာရပ်ကွက်၊မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
၂။ ဘဒ္ဒန္တကလျာဏ ကန္ဒရဝတီကျောင်းတိုက်၊ ချိကယ်ရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်။
၃။ ဘဒ္ဒန္တဇာဂရ ကော့ဒါန်သာသနရက္ခိတကျောင်း၊ ကော့ဒါန်ကျေးရွာ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။
၄။ ဘဒ္ဒန္တ နန္ဒိယ ဇမ္ဗူမြိုင်ကျောင်းတိုက်၊ အမှတ်(၆)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။
၅။ ဘဒ္ဒန္တ ပညာသိရိ တောင်ပုလုပရိယတ္တိ၊ ပဋိပတ္တိတိုက်ခွဲ၊ အနောက်ရပ်ကွက်၊ မင်းတပ်မြို့၊ ချင်းပြည်နယ်။
၆။ ဘဒ္ဒန္တစန္ဒိမာ မြင်းတင်ကျောင်းတိုက်၊ကာဘိုးကျေးရွာ၊ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်း။
၇။ ဘဒ္ဒန္တဇနိတ ဒက္ခိဏာရာမကျောင်းတိုက်၊ မြစေတီကျေးရွာ၊ ပင်လည်ဘူးမြို့နယ်၊ စစ်ကိုင်းတိုင်း။
၈။ ဘဒ္ဒန္တကုဏ္ဍလ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊ ညောင်ပင်သာကျေးရွာ၊ ထီးချိုင့်မြို့နယ်၊စစ်ကိုင်းတိုင်း။
၉။ ဘဒ္ဒန္တဓမ္မပါလ စကားလှဓမ္မာရုံကျောင်းတိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း။
၁၀။ ဘဒ္ဒန္တ ဥတ္တရ မင်္ဂလာရာမကျောင်းတိုက်၊ သာထွန်းကျေးရွာ၊ မြောင်မြို့နယ်၊စစ်ကိုင်းတိုင်း။
၁၁။ ဘဒ္ဒန္တ လက္ခဏ မဟာဝိဇယရံသီစာသင်တိုက်နှင့် မဟာအတုလရံသီဓမ္မရိပ်သာ၊ ကျစွာချောင်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။
၁၂။ ဘဒ္ဒန္တ ဉာဏောဘာသ ရတနာဗိမာန်ထူပါရုံရွှေကျောင်းတိုက်၊ မင်းလမ်းရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၁၃။ ဘဒ္ဒန္တ ကောသလ္လာဘိဝံသ ရွှေသမားကျောင်းတိုက်၊ သောဘိတာရာမအမှတ်(၁)အခမဲ့ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ရွှေသမားရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၁၄။ ဘဒ္ဒန္တ စန္ဒမာလာ ဒက္ခိဏာရုံကျောင်းတိုက်၊ ပန်းတင့်အင်းကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း။
၁၅။ ဘဒ္ဒန္တကောသလ္လ ဥေယျာလင်္ကာရကျောင်းတိုက်၊ တလိုင်းတောင်ကျေးရွာ၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်း။
၁၆။ ဘဒ္ဒန္တဓမ္မာနန္ဒ ဓမ္မိကာရုံကျောင်းတိုက်၊ ဘုရားကြီးပိုင်းရပ်ကွက်၊ သနပ်ပင်မြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၁၇။ ဘဒ္ဒန္တ ဝိမလာစာရ မဟာပဏ္ဍိတာဘိဝံသ၊ အင်းချောင်းကျောင်းတိုက်၊ မြို့မ(၁)ရပ်ကွက်၊ မဒေါက်မြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၁၈။ ဘဒ္ဒန္တ ကလျာဏ ကန်တော်မင်္ဂလာပရဟိတကျောင်းတိုက်၊အမှတ်(၅) ရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၁၉။ ဘဒ္ဒန္တ စန္ဒိမာစာရ ထားဝယ်ကျောင်းတိုက်၊ ဆင်စုရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၂၀။ ဘဒ္ဒန္တ အရိယဝံသ ဝါဆိုဦးပရိယတ္တိစာသင်တိုက်၊ အုတ်ဖိုမြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။
၂၁။ ဘဒ္ဒန္တ ပဏ္ဍိတ ရွှေညောင်ပင်ကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ပြည်မြို့။ ပဲခူးတိုင်း(အနောက်ပိုင်း)။
၂၂။ ဘဒ္ဒန္တ ဇာဂရ ကျောင်းသစ်ကျောင်း၊ ဆင်မြီးဆွဲမြို့၊ သန္ဒေပင်အုပ်စု၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၂၃။ ဘဒ္ဒန္တဝါယမ ဗောဓိရိပ်သာကျောင်းတိုက်၊ ရွာမမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၂၄။ ဘဒ္ဒန္တကဝိဇ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မြောက်ရှားတောကျေးရွာ၊ဆင်ဖြူကျွန်းမြို့၊စလင်းမြို့နယ်၊ မကွေးတိုင်း။
၂၅။ ဘဒ္ဒန္တ ဝိစာရ မဟာဝိသုတာရာမ(အလယ်တိုက်)၊အမှတ်(၁၀)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။
၂၆။ ဘဒ္ဒန္တသုမင်္ဂလ မင်္ဂလာရာမကျောင်းတိုက်၊ ပျဉ်းချောင်းကျေးရွာ၊ ပေါက်မြို့နယ်၊ မကွေးတိုင်း။
၂၇။ ဘဒ္ဒန္တ ဓမ္မပီယ ကျောက်မော်ကျောင်းတိုက်၊အမှတ်(၃)ရပ်ကွက်၊ ဆင်ပေါင်ဝဲမြို့၊ မကွေးတိုင်း။
၂၈။ ဘဒ္ဒန္တနန္ဒသာမိ သစ္စာဝါဒီကျောင်းတိုက်၊ မူးရစ်ကြီးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်။
၂၉။ ဘဒ္ဒန္တကလျာဏ ကျောင်းသစ်ကျောင်း (ကလျာဏမိတ္တ)၊ ဖားအောက်ကျေးရွာ၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၃၀။ ဘဒ္ဒန္တခေမာစာရ ပုဗ္ဗာရုံကျောင်းတိုက်၊ ရုံးကြီးလမ်း၊ နန်းခဲရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်။
၃၁။ ဘဒ္ဒန္တသြသဓ မြလေးကျောင်း၊ အနောက်ထီးလင်းတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၃၂။ ဘဒ္ဒန္တကောသလ္လ ဖလံကုန်းတောင်ကျောင်းတိုက်၊ ဖလံကုန်းကျေးရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်း။
၃၃။ ဘဒ္ဒန္တသုမန ထန်းပင်တိုက်ကျောင်း၊ ထန်းပင်ကျေးရွာ၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်း။
၃၄။ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၃၅။ ဘဒ္ဒန္တ သုနန္ဒ သတိပဋ္ဌာန် ပရိယတ္တိစာသင်တိုက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်း။
၃၆။ ဘဒ္ဒန္တစက္ကိန္ဒ ဓမ္မဒီပကျောင်း၊ တန်ဆောင်းကြီးကျောင်းတိုက်၊ အမှတ်(၁၂)ရပ်ကွက်၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်း။
၃၇။ ဘဒ္ဒန္တစန္ဒ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
၃၈။ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ ရတနာဗိမာန်ပရိယတ္တိစာသင်တိုက်၊ အနောက်မင်းလမ်း၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်း။
၃၉။ ဘဒ္ဒန္တကောဝိဒါဘိဝံသ မူလကျောက်ချောင်း ပရိယတ္တိစာသင်တိုက်၊ ဧရာဝဏ်လမ်း၊ (၇)အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၄၀။ ဘဒ္ဒန္တပညာစက္က သုခိတာရာမတောရကျောင်းတိုက်၊ ၆/၁၀ ရပ်ကွက်၊ ရွှေဘုန်းရှိန်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။
၄၁။ ဘဒ္ဒန္တဓမ္မသာမိ အနောက်အုတ်ကျင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ (၁၁) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဝရန်ကုန်တိုင်း။
၄၂။ ဘဒ္ဒန္တဝိလာသ ငုက္ခလေးကျောင်း၊ ငုက္ခလေးရွာ၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၄၃။ ဘဒ္ဒန္တပညာသာမိ မဟာမြတ်မုနိပရိယတ္တိစာသင်တိုက်၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။
၄၄။ ဘဒ္ဒန္တပညာဘောဂ ဝမ်ခုံကျောင်းတိုက်၊ ဝမ်ခုံကျေးရွာ၊ ဆိုင်းလှုံတောင်တန်း၊ မိုင်းရှူးမြို့နယ်၊ လွိုင်လင်ခရိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။
၄၅။ ဘဒ္ဒန္တအရိယဝံသ ရွှေယဉ်တောင်ကျောင်းတိုက်၊ ပဲရင်းတောင်ကျေးရွာ၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။
၄၆။ ဘဒ္ဒန္တဣန္ဒဝံသဓဇ ဟမ်းဆီးကျောင်းတိုက်၊ ဟမ်းဆီးကျေးရွာ၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။
၄၇။ ဘဒ္ဒန္တပဏ္ဏဝံသ ဇေယျဝတီအနောက်ကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ ကျွန်းကုန်းမြို့၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်း။

ပြည်ပဆရာတော်

၄၈။ Ven. Kao Buddhavong Xieng Yena Natharan ကျောင်းတိုက်၊ ဗီယန်ရှင်းမြူနီစီပယ်ဒေသ၊ လာအိုနိုင်ငံ။
၄၉။ Ven. Noi°°Sangvalo ဆိုင်ယမ်ဖုန်းကျောင်း၊ Sisatthanak ခရိုင်၊ မြူနီစီပယ်ဒေသ၊ ဗီယန်ရှင်းမြို့၊ လာအိုနိုင်ငံ။
၅၀။ Ven. Dhamasen Mahathero စစ်တကောင်းဗုဒ္ဓဘာသာကျောင်း၊ ဘုရားကျောင်းလမ်း၊ စစ်တကောင်းမြို့၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ။
၅၁။ ဘဒ္ဒန္တဝိမလာနန္ဒ ဗုဒ္ဓဝိဟာရကျောင်း၊ လုမ္ဗိနီဖွံ့ဖြိုးရေးဒေသ၊ နီပေါနိုင်ငံ။
၅၂။ (Ven. Dr. Rastrapa Lmahathera) အပြည်ပြည်ဆိုင်ရာ ကမ္မဋ္ဌာန်းရိပ်သာ၊ ဗုဒ္ဓဂယာ၊ ဘီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ။
၅၃။ Ven. Sukhemo ဓမ္မစက္ကဇယာကျောင်းတိုက်၊ ဂျကာတာမြို့၊ အင်ဒိုနီးရှားနိုင်ငံ။
၅၄။ Ven. Khantidharo Thero Padepokan Dhammatipa ထေရဝါဒဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း၊ မာလန်ဘာတူဒေသ၊ အင်ဒိုနီးရှားနိုင်ငံ။

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဇာဂရဗုဒ္ဓိ တောင်လေးလုံးကျောင်းတိုက်၊ ညောင်ပင်သာရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။
၂။ ဘဒ္ဒန္တသြဘာသ အောင်မင်္ဂလာကျောင်း၊ ဆားမှော်ကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။
၃။ ဘဒ္ဒန္တတိလောက ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တဟွန်ဒမ်းကျေးရွာ၊ နောင်မွန်းမြို့နယ်၊ ကချင်ပြည်နယ်။
၄။ ဘဒ္ဒန္တမေဓာနန္ဒ ဝမ်အောင်းကယားကျောင်း၊ ဝမ်အောင်းကယားရွာ၊ ဖားဆောင်မြို့နယ်၊ ကယားပြည်နယ်။
၅။ ဘဒ္ဒန္တခန္တီဝဏ္ဏ ဥဒေါင်းကျောင်း၊ ဥဒေါင်းရွာ၊ လှိုင်းဘွဲမြို့နယ်၊ ကရင်ပြည်နယ်။
၆။ ဘဒ္ဒန္တဇာနေယျ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်။
၇။ ဘဒ္ဒန္တဉာဏောဘာသ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ ဘုရားသုံးဆူမြို့၊ (ဓမ္မဟောဝန်)ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်။
၈။ ဘဒ္ဒန္တစန္ဒိမာဝရ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ချင်းလက်မွန်ကျေးရွာ၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်။
၉။ ဘဒ္ဒန္တပဏ္ဍိတ သစ္စာရောင်ခြည်ကျောင်းတိုက်၊ ထန်းတောအောင်ရတနာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၁၀။ ဘဒ္ဒန္တသုဝိပုလ ကေနီအရှေ့ကျောင်း၊ ကေနီကျေးရွာ၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်း။
၁၁။ ဘဒ္ဒန္တကဋ္ဌန ကဋ္ဌနာရာမကျောင်း၊ ကံမော်ရွာ၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်း။
၁၂။ ဘဒ္ဒန္တသီလာစာရ ဘုန်းတော်ကြီးသင်ပညာရေးပရဟိတကျောင်း၊ အဖျားဗိုလ်တဲကျေးရွာ၊ ဝေါမြို့နယ်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၁၃။ ဘဒ္ဒန္တဝိဇယ ဇမ္ဗူအေးတောရကျောင်းတိုက်၊ ပြွန်တန်ဆာမြို့၊ မြို့သစ်ရပ်ကွက်၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၁၄။ ဘဒ္ဒန္တဝါယမ ကြေးနီကန်တိုက်အုပ်ကျောင်းတိုက်၊ မဇင်ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၁၅။ ဘဒ္ဒန္တကုမာရ ရွာဘဲတောင်ပေါ်ကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၁၀ မှ

၁၆။ ဘဒ္ဒန္တသုနန္ဒ ရတနာပုံကျောင်းတိုက်၊ စိန်ကန့်လန့်ရွာ၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၁၇။ ဘဒ္ဒန္တကောသလ္လ ရွှေဒင်္ဂါးကျောင်းတိုက်ကြီး၊ ဇင်းကျိုက်ကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။
၁၈။ ဘဒ္ဒန္တဉာဏိန္ဒ ထေရဝါဒ ဗုဒ္ဓသာသနာပြု ပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်း၊ သပြေနီကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။
၁၉။ ဘဒ္ဒန္တသုဘောဂ သပြေကမ္ဘဋ္ဌာန်းကျောင်းတိုက်၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၂၀။ ဘဒ္ဒန္တဇောတိက ဆိပ်ဖူးတောင်တောရကျောင်းတိုက်၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာနှင့် အမှတ်(၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။
၂၁။ ဘဒ္ဒန္တဝိဇယ ရေချိုအရှေ့ကျောင်း၊ ရေချိုကျေးရွာ၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်း။
၂၂။ ဘဒ္ဒန္တကုမာရ ကွဲကန်ကျောင်း၊ ကွဲကန်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း။
၂၃။ ဘဒ္ဒန္တပညာသာရ မဟာဓမ္မပါလကျောင်း၊ နန်းဦးတိုက်၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၂၄။ ဘဒ္ဒန္တကေသရ ဇေယျာသိပ္ပံကျောင်း၊ ဇမ္ဗူအေးကျောင်းတိုက်၊ ၈၂/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၂၅။ ဘဒ္ဒန္တကုမာရ ဓမ္မသုခကျောင်း၊ ဇမ္ဗူအေးကျောင်းတိုက်၊ ၈၂/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၂၆။ ဘဒ္ဒန္တဇာနေယျ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ ကင်မွန်းခြံကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၇။ ဘဒ္ဒန္တနန္ဒသီရိ ဇေယျမင်္ဂလာတာပုံကျောင်းတိုက်၊ တာပုံကျေးရွာ၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။
၂၈။ ဘဒ္ဒန္တဝိစိတ္တသာရ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မိုင်းယောင်းမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)။
၂၉။ ဘဒ္ဒန္တဇာဂရ ဓမ္မဝိဒူအုတ်ဖိုကျောင်းတိုက်၊ရတနာသီရိရပ်ကွက်၊ တောင်ကြီးမြို့၊ရှမ်းပြည်နယ်(တောင်ပိုင်း)။
၃၀။ ဘဒ္ဒန္တတေဇနိယ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ကျောင်းကြီးကျောင်းတိုက်၊ရုံးဒေါင့်ကျေးရွာ၊ကျိုက်လတ်မြို့နယ်၊ဧရာဝတီတိုင်း။
၃၁။ ဘဒ္ဒန္တကောဝိဒ ကညင်ပင်တောရကျောင်းတိုက်၊ တမန်ချောင်းကျေးရွာ၊ ငပုတောမြို့နယ်၊ဧရာဝတီတိုင်း။
၃၂။ ဘဒ္ဒန္တက္ကန္တက သာသနာ့ဝေပုလ္လခါတော်မှီကျောင်းတိုက်၊ငှက်ပျောတောကျေးရွာ၊သာပေါင်းမြို့နယ်၊ဧရာဝတီတိုင်း။

ပြည်ပဆရာတော်

၃၃။ Ven.Galayaye Piyadassi Sri Saddhatissa International Buddhist Centre 309.311 ကင်းစ်ဘယ်ရီလမ်း၊လန်ဒန်မြို့၊ အင်္ဂလန်နိုင်ငံ။
၃၄။ Ven.Oannavaro Mahathera မန်ဒုဘုန်းတော်ကြီးကျောင်း၊ ဂျားဗားဒေသ၊ အင်ဒိုနီးရှားနိုင်ငံ။

သီလရှင်ဆရာကြီး

၃၅။ ဒေါ်ရူပသီဂ ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက်၊ ရူပဝတီဆောင်၊ ဇုတ်သုတ်စံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး

၃၆။ သီလရှင်ဆရာကြီး အနဂ္ဂါရိကဉာဏသီလ သကျသီဟကျောင်း၊ လာလစ်ပူးမြို့၊နီပေါနိုင်ငံ။

လူပုဂ္ဂိုလ်

၃၇။ ဦးဘဆန်း ၆၄လမ်း၊ မြို့သစ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။
၃၈။ ဦးမြင့်ဆွေ အမှတ် ၄၀၊ ၈၂လမ်း၊ ၃၁ x ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးတိုင်း။
၃၉။ ဦးဝင်းကြိုင် အမှတ် ၁၂၂၊ချယ်ရီလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄၀။ ဦးမောင်မောင်လေး အမှတ် ၁၇ ၊ ရတနာပုံ (၁) လမ်း၊ (၁၀)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၄၁။ ဦးတင့်လွင် အမှတ် ၅၄၊ ဦးမောင်မောင်စိုးလမ်းသွယ်၊ အေဝမ်းခြံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄၂။ ဦးစံတင် အမှတ် ၁၈ ၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄၃။ ဦးကိုကိုမြိုင်(တက္ကသိုလ်သျှင်သီရိ) အမှတ် ၅၅၊ သုနန္ဒာ ၃ လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၄၄။ ဦးသိန်းဇံ အမှတ် ၃၄၈၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒိမာ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ခေါင်လန်ဖူးမြို့၊ ကချင်ပြည်နယ်။
၂။ ဘဒ္ဒန္တသုန္ဒရ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နောင်မွန်းမြို့၊ ပူတာအိုခရိုင်၊ ကချင်ပြည်နယ်။
၃။ ဘဒ္ဒန္တနာရဒ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဟိုပင်မြို့၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။
၄။ ဘဒ္ဒန္တပဏ္ဏဝ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နမ့်နောက်ကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်။
၅။ ဘဒ္ဒန္တပဏ္ဍိတ ရန်ကင်းကျောင်းတိုက်၊ (၆)ရပ်ကွက်၊ သံတောင်မြို့၊ ကရင်ပြည်နယ်။
၆။ ဘဒ္ဒန္တပညာနန္ဒ မြတ်သုခ(၂၇၅)၊ တပ်ဦးကျောင်း၊ ဖားကျောင်းကျေးရွာ၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်။
၇။ ဘဒ္ဒန္တသောဘိတ ခွာရုံထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မြို့ဟောင်းရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်။
၈။ ဘဒ္ဒန္တဉာဏုတ္တရ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လုံလဲရွာ၊ ထန်တလန်မြို့နယ်၊ ချင်းပြည်နယ်။
၉။ ဘဒ္ဒန္တသုစရိတ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဘောင်ပင်ကျေးရွာ၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်။
၁၀။ ဘဒ္ဒန္တနာဂိန္ဒ ဇိနမာန်အောင်ကျောင်းတိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။
၁၁။ ဘဒ္ဒန္တဝိသုဒ္ဓါနန္ဒ သုခါရာမတောရကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၁၂။ ဘဒ္ဒန္တကုမာရ ထန်းပင်ကုန်းဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ထန်းပင်ကုန်းကျေးရွာ၊ အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၁၃။ ဘဒ္ဒန္တဓမ္မပါလ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ အောင်ချမ်းသာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်း။
၁၄။ ဘဒ္ဒန္တတိက္ခိန္ဒြိယ ရေလည်ပရဟိတကျောင်း၊ ဒူလဗိုလ်ကျေးရွာ၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်း။
၁၅။ ဘဒ္ဒန္တပညာသာမိ ကုမာရာရာမတိုက်နှင့် ရေနံ့သာတောရပရိယတ္တိစာသင်တိုက်၊ တောင်ကလပ်ကျေးရွာ၊ ပုပ္ပါးအုပ်စု၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း။
၁၆။ ဘဒ္ဒန္တဉာဏိန္ဒ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကိုးတစ်ဘုန်းစိုးရွာ၊ ပျဉ်းမနားမြို့နယ်၊ မန္တလေးတိုင်း။
၁၇။ ဘဒ္ဒန္တဝဏ္ဏိတ ရွာဦးပရိယတ္တိကျောင်းတိုက်၊ ပုဒါတ်စာကုန်းကျေးရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်း။
၁၈။ ဘဒ္ဒန္တဝဏ္ဏသာမိ တေဇာရာမကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဓညဝတီ(က) ရပ်ကွက်၊စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
၁၉။ ဘဒ္ဒန္တဝိဇ္ဇောဘာသ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ခထီးလုစံပြကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်။
၂၀။ ဘဒ္ဒန္တဝိဇယ မောရဝတီ(ဗဟို) သာသနာပြုကျောင်း၊ မောရဝတီနတလစံပြကျေးရွာ၊ မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်။
၂၁။ ဘဒ္ဒန္တကိတ္တိသာရ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပြည်လုံးကြီးကျေးရွာ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်။
၂၂။ ဘဒ္ဒန္တသောဘိတ အမှတ်(၇)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နန်းဦးကျောင်းတိုက်၊ (၁၀၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်)၊ ရန်ကုန်တိုင်း။
၂၃။ ဘဒ္ဒန္တကေတုမာလာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကျောင်း၊ အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက်၊ ဆင်ခြံကျေးရွာ၊ ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်း။
၂၄။ ဘဒ္ဒန္တပဉ္ဇောဘာသ မြသိန်းတန်သာသနာပြုပရိယတ္တိစာသင်တိုက်၊ ဈေးရပ်ကွက်၊ ဟိုပန်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၂၅။ ဘဒ္ဒန္တအရိယဝံသ နယ်စပ်သာသနာပြု ထေရဝါဒဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း(မြောက်)၊ အမှတ်(၅)ရပ်ကွက်၊ မုံးကိုးမြို့၊ ရှမ်းပြည်နယ်။
၂၆။ ဘဒ္ဒန္တပဏ္ဍိတ အောင်မင်္ဂလာတောရာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဟောင်လိတ်ရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။
၂၇။ ဘဒ္ဒန္တဓမ္မပါလ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နမ့်ခတ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နမ့်ခတ်ရွာ၊ တောင်ပေါ်(၅)အုပ်စု၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။
၂၈။ ဘဒ္ဒန္တစန္ဒ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပူလောင်းရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

ပြည်ပဆရာတော်ကြီး

၂၉။ ဘဒ္ဒန္တသောမရတန သိမ်းမြစ်ဗုဒ္ဓဝိဟာရကျောင်းတိုက်၊ ၄၉၊ဒူဗာတန်လမ်း၊ ဆဲစ်ဒွန်ဆာရေပြည်နယ်၊ အင်္ဂလန်နိုင်ငံ။

သီလရှင်ဆရာကြီးများ

၃၀။ ဒေါ်မိရဉာဏီ ခေမာသီရိသီလရှင်စာသင်တိုက်၊ စိတ္တသုခရပ်ကွက်၊ ရေစကြိုမြို့၊ မကွေးတိုင်း။
၃၁။ ဒေါ်ကုန္ဒရီ ကုလဝိသေသိ သီလရှင်စာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့၊ဧရာဝတီတိုင်း။

လူပုဂ္ဂိုလ်

၃၂။ ဦးဗိုလ်ကလေး(ခ) ဦးဗိုလ်သောင်း ညောင်ပင်သာ(၆)ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း။
၃၃။ ဦးဟန်မောင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ကမာရွတ်ဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးထွန်းထွန်း အမှတ် ၃၄၊ အနော်ရထာလမ်း၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
၂။ ဦးစောမြင့် အမှတ် ၁၅၊ ဓိဇဝါလမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃။ ဦးစိုးမြင့်(ခ)ဒူးရင်းသီးဦးစိုးမြင့် ခြံအမှတ် ၂၅၊ မင်းကျောင်းလမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဦးသန်းလှ(တိကြား) အမှတ်၅၊ ဇ–၈၂ ပါရမီလမ်း၊ (၁၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၅။ ဦးမောင်မောင် အာရှပလာဇာ၊ အမှတ် ၂၇၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၈ လမ်းထောင့်၊ အမှတ် (၆) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာသီရိသုဓမ္မသင်္ဂဟဘွဲ့တံဆိပ်တော်

၁။ ဒေါ်ဝင်းမေ တိုက်အမှတ် ၃၃၊ ၈၁X၈၂ လမ်းကြား၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၂။ ဒေါ်အေးအေးကြည် အမှတ် ၃၉–ဂျီ၊ ကမ္ဘာအေးစေတီလမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃။ ဒေါ်နီ အမှတ် ၁၅၄၊ ၁၉ လမ်း(အပေါ်လမ်း)၊ (၄) ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။

သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးဘဌေး အမှတ်လ/ထ–၃၆၊ ဆင်ဖြူရှင်လမ်း၊ အထက်လယ်ဦးရပ်၊ မိုးကုတ်မြို့နယ်၊ မန္တလေးတိုင်း။
၂။ ဦးသာဒင် ခြံအမှတ် ၃၁၊ မဟာမြိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃။ ဦးဉာဏ်လွင် အမှတ် ၂၃၅–ဃ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဦးသန်းနိုင် အမှတ် ၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

သီရိသုဓမ္မသင်္ဂဟဘွဲ့တံဆိပ်တော်

၁။ ဒေါ်လှကြည် အမှတ်(၁) ရှင်စောပုလမ်း၊ စိန်ထွန်းရပ်၊ ပဲခူးမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၂။ ဒေါက်တာခင်ခင်စိမ့် မ/၃၉၊ ၂၅–၂၆၊ ၅၂ လမ်း၊ ၄၂X၄၃ လမ်းကြား၊ ရဲမွန်တောင်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၃။ ဒေါ်ခင်မြင့်မြင့် အမှတ် ၁၀၆/၁၀၈၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဒေါ်တင်တင်ဝေ အမှတ် ၃၈၊ ဂန္ဓမာလမ်း၊ (၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၅။ ဒေါ်ဝင်းဝင်းအေး(ခ)မကြီး ည/၂၇၊ အသောကလမ်း၊ (၁) ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၆။ ဒေါ်ခင်မိမိလှိုင် အမှတ် ၆၃–ဒီ၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးကင်းစိန် အမှတ် ၇၇၊ အလယ်လမ်း၊ ကညံ့ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။
၂။ ဦးအေးလွင် မိတ္ထီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း။
၃။ ဦးချုသန်း ၉၉–အက်ဖ်၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဦးအောင်ကြည်မြင့် အမှတ် ၂၀၇၊ မြင်စိုင်းလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ (၂၀) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

သီဟသုဓမ္မသင်္ဂဟဘွဲ့တံဆိပ်တော်

၁။ ဒေါ်တင်မြ အမှတ် ၈၇၊ ကန်ကြီးရပ်၊ ကုန်သည်လမ်း၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်း။
၂။ ဒေါ်ခင်ဝင်း အမှတ် ၁၀၂၊ ဈေးတောင်လမ်း၊ ခုံဝင်းဒပ်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။
၃။ ဒေါ်သွင်သွင် သစ္စာစေတနာရိပ်မွန်၊ အမှတ် ၆၅၃/၁၆၊ ရှမ်းပွဲရွှေဘုန်းရှိန်ရပ်၊ ဦးဘသာလမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၄။ ဒေါ်မြင့်မြင့် မြတ်ကျော်စက်မှု၊ ၅၁ လမ်းနှင့် တပင်ရွှေထီးလမ်းထောင့်၊ စက်မှုဇုန်(၂)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။
၅။ ဒေါ်သန်းမြင့် သဒ္ဒတ်သျှိုကျေးရွာ၊ မိုးကုတ်မြို့နယ်၊ မန္တလေးတိုင်း။
၆။ ဒေါ်အေးအေးမော်(ခ)ဒေါ်အေးအေးမွန် အမှတ် မ–၂၄/၃(ဆ)၊ ၆၈ လမ်းနှင့် မိုးသောက်ပန်းလမ်းထောင့်၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။
၇။ ဒေါ်သန်းသန်းနွဲ့ တိုက်အမှတ် ၂၁/၂၈၊ ၈၉ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၈။ ဒေါ်စန်းစန်းဌေး လ/၆၊ (၅၇ x ၅၈)၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။
၉။ ဒေါ်ခင်သန်းမြင့် ၉၀၊ ကမ္ဘာအေးစေတီလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၀။ ဒေါ်ဌေးညွန့် အမှတ် ၄၊ (River View)ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။
၁၁။ ဒေါ်ဝင်းဝင်းဌေး(ခ)မငယ် ဆ/၅၆၊ ပိတောက်လမ်း၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်း။

သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးဘိုကြီး(ခ)ဦးအောင်ဌေး အမှတ်(၃)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။
၂။ ဦးမြင့်စိုး ရန်ကုန်–မန္တလေးလမ်းမတော်၊ ရွှေပြည်ရန်နိုင်ရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း။
၃။ ဦးတင်အောင် အမှတ် ၈၇၀(စီ)၊ ကျောင်းလမ်း ၁၀ မိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဦးဇေယျသူရမွန် အမှတ် ၄၊ C & D ယုဇနလမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၅။ ဦးရဲထွန်းနိုင် အခန်း ၄၀၂၊ တိုက်(ဘီ)၊ အမှတ်(၅)ရပ်ကွက်၊ ပညာဝတီလမ်း၊ ပညာဝတီရိပ်မွန်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

သုဓမ္မသင်္ဂဟဘွဲ့တံဆိပ်တော်

၁။ ဒေါ်ခင်စော အမှတ် ၈၀၊ ပိတောက်ပင်အထက်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၂။ ဒေါ်သိန်းကျင် အမှတ် ၃၂၊ ဦးဘချိုလမ်း၊ အမှတ်(၂)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်း။

အမိန့်အရ

(ပုံ) စိုးဝင်း
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၄

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင် တံဆိပ်များကို အပ်နှင်းလိုက်ပါသည်-

(ယမန်နေ့ကအဆက်)

စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)

၄၈။ ဦးစိန်သန်း အလုပ်ရုံစုမှူး(၁)၊ စက်ခေါင်းစက်ရုံ (အင်းစိန်) စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန၊မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီး ဌာန။

၄၉။ ဦးညွန့်လွင် အလုပ်ရုံစိတ်မှူး၊ ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)စက်မှု နှင့် လျှပ်စစ်အင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန။

၅၀။ ဦးဇော်ဝင်း ဂဟေဆက်-၄၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန။

၅၁။ ဦးကျော်သူ စက်ရုံမှူး၊ ဂျီတီစီပုံနှိပ်စက်ရုံ၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေ ရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၅၂။ ဦးလှကြည် အငယ်တန်းအင်ဂျင်နီယာ-၂(စက်မှု)၊ ဂျီတီစီပုံနှိပ်စက်ရုံ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၅၃။ ဦးငွေလွင် အငယ်တန်းအင်ဂျင်နီယာ-၂(စက်မှု)၊ ဂျီတီစီ ပုံနှိပ်စက်ရုံ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၅၄။ ဦးသိန်းလွင် စက်မှုကျွမ်းကျင်-၃ (စက်မှု)၊ ဂျီတီစီပုံနှိပ်စက်ရုံ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၅၅။ ဦးမြင့်ဆွေ စက်ခန်းမှူး၊ ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၅၆။ ဦးလှညွန့် အင်ဂျင်နီယာမှူးကြီး (ထုတ်လုပ်မှု)၊ မြန်မာ့လေကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန။

၅၇။ ဦးရွှေမြ လုပ်ငန်းအုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန။

၅၈။ ဦးစံသိန်း လုပ်ငန်းအုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန။

၅၉။ ဦးထွန်းအောင် ဒုတိယအထွေထွေမန်နေဂျာ၊ စီမံရေးရာဌာန၊ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာန။

၆၀။ ဦးတင်ထွန်း ဒုတိယအထွေထွေမန်နေဂျာ၊ လုပ်ငန်းနှင့်စစ်ဆေးရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန။

၆၁။ ဦးဇော်တင့် လ/ထအထွေထွေမန်နေဂျာ၊ ပက်ကက်ဆွီချင်ဌာန၊ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာန။

၆၂။ ဦးဉာဏ်ဝင်း ဒုတိယအင်ဂျင်နီယာချုပ်၊ ရန်ကုန်အော်တိုတယ်လီဖုန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန။

၆၃။ ဦးရဲမြင့်မောင် အမှုဆောင်အင်ဂျင်နီယာ(ခ)(စက်မှု)၊ ချောက်ရေနံမြေ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၆၄။ ဦးကြံအောင် အမှုဆောင်အင်ဂျင်နီယာ(ခ)(စက်မှု)၊ ပိုက်လိုင်းဆက် သွယ်ရေး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၆၅။ ဦးဇော်ဝင်း အမှုဆောင်အင်ဂျင်နီယာ(ခ) (သယ်ပို့/စက်ပြင်)၊ သာကေတ အခြေစိုက်စခန်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင် ဝန်ကြီးဌာန။

၆၆။ ဦးရွှေဝင်းမောင် လ/ထ အမှုဆောင်အင်ဂျင်နီယာ(သယ်ပို့/စက်ပြင်)၊ ရေပေါ်မီး ရေနံအစမ်းတွင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၆၇။ ဦးဝင်းရှိန် လက်ထောက်အမှုဆောင်အင်ဂျင်နီယာ (သယ်ပို့/စက်ပြင်)၊ ရေပေါ်မီး ရေနံအစမ်းတွင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၆၈။ ဦးသက်ထွန်း လက်ထောက်အင်ဂျင်နီယာ (စက်မှု)၊ ပိုက်လိုင်း ဆက် သွယ်ရေး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၆၉။ ဦးကြည်ဝင်း အလုပ်ရုံမှူး(စီမံရေး)၊ ဓာတ်မြေသြဇာစက်ရုံ(စလေ)၊ စွမ်းအင်ဝန်ကြီးဌာန။

၇၀။ ဦးစန်းမောင် ဒုတိယညွှန်ကြားရေးမှူး၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ ရေအား လျှပ်စစ်ဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၇၁။ ဒေါ်လှလှစု ဒုတိယညွှန်ကြားရေးမှူး၊ ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၇၂။ ဦးကျော်လှ ပစ္စည်းထိန်း(၁) စက်မှု၊ စက်မှုယန္တရားဌာနခွဲ၊ ရေအား လျှပ်စစ်ဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၇၃။ ဦးထွန်းချစ် အမှုဆောင်အင်ဂျင်နီယာ(က)၊ ဆည်တော်ကြီးဓာတ်အား ပေးစက်ရုံ၊ မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။

၇၄။ ဦးညွန့်သန်း အမှုဆောင်အင်ဂျင်နီယာ(ခ)၊ လျှပ်စစ်စမ်းသပ်ရေးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၇၅။ ဦးသန်းနိုင်ဦး လက်ထောက်အမှုဆောင်အင်ဂျင်နီယာ၊ အလုံဓာတ်အားပေး စက်ရုံ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၇၆။ ဦးဝင်းနိုင် လက်ထောက်အမှုဆောင်အင်ဂျင်နီယာ၊ ဘီလူးချောင်း အမှတ်(၂)ဓာတ်အားပေးစက်ရုံ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၇၇။ ဦးအောင်မိုး လက်ထောက်အမှုဆောင်အင်ဂျင်နီယာ၊မဟာဓာတ်အား လိုင်းမှူးရုံး(တောင်ငူ)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။

၇၈။ ဦးသက်ပိုင်မျိုး လက်ထောက်အင်ဂျင်နီယာ၊ မြို့နယ်လျှပ်စစ်အင်ဂျင် နီယာရုံး(ကျောက်ဆည်)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန။

၇၉။ ဦးစိုးသိမ်း လက်ထောက်အင်ဂျင်နီယာ၊ သာကေတဓာတ်အားပေးစက်ရုံ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၈၀။ ဦးလှမြင့် အုပ်စုမှူး(ဒု)၊ ဘီလူးချောင်းအမှတ်(၂)ဓာတ်အားပေးစက်ရုံ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

စီမံထူးချွန်တံဆိပ် (ပထမဆင့်)

၁။ ဦးလှကြည် ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၂။ ဗိုလ်မှူးကြီးဝင်းမောင် ပါမောက္ခချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၃။ ဗိုလ်မှူးကြီးအောင်ဆန်းဝင်း ပါမောက္ခချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၄။ ကြည်း-၁၁၇၈၂ ဗိုလ်မှူးချုပ်မျိုးမြင့် တပ်မှူး၊ တပ်မတော်မှတ်တမ်းရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၅။ ကြည်း-၁၂၄၉၅ ဗိုလ်မှူးကြီးကျော်မြင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၆။ ကြည်း-၁၂၀၁၁ ဗိုလ်မှူးချုပ်ခင်အောင် ကာကွယ်ရေးဝန်ကြီးဌာန။

၇။ ကြည်း-၁၂၃၀၂ ဗိုလ်မှူးချုပ်မြင့်ဇော် ကာကွယ်ရေးဝန်ကြီးဌာန။

၈။ ကြည်း-၁၂၆၀၅ ဗိုလ်မှူးချုပ်လှအောင် ကာကွယ်ရေးဝန်ကြီးဌာန။

၉။ ကြည်း-၁၃၇၂၆ ဗိုလ်မှူးကြီးတင်ဦး ကာကွယ်ရေးဝန်ကြီးဌာန။

၁၀။ ရေ-၁၂၁၉ ဗိုလ်မှူးကြီးငွေထွန်း ကာကွယ်ရေးဝန်ကြီးဌာန။

၁၁။ လေ-၁၇၁၉ ဗိုလ်မှူးကြီးစည်သူ ကာကွယ်ရေးဝန်ကြီးဌာန။

၁၂။ ဒေါက်တာသိမ်းငွေ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဝါနှင့် ပိုးချည် လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၁၃။ ဦးမျိုးမြင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကြံလုပ်ငန်း၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၁၄။ ဦးစိုးတင် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ္ဍာ ရေးနှင့် အခွန်ဝန်ကြီးဌာန။

၁၅။ ဦးမြသန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။

၁၆။ ဦးဗိုလ်သန်း ညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။

၁၇။ ဦးညွန့်တင် သံအမတ်ကြီး၊ မြန်မာသံရုံး၊ အော်တာဝါမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန။

၁၈။ ဦးအေး သံအမတ်ကြီး၊ မြန်မာသံရုံး၊ ကင်ဘာရာမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန။

၁၉။ ဦးကျော်မြင့် သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဂျာကာတာမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန။

၂၀။ ဦးကြာညိုချစ်ဖေ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဘဲလ်ဂရိတ်မြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန။

၂၁။ ဦးမျိုးမြင့် သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန။

၂၂။ ဦးသန်းထွန်း သံအမတ်ကြီး၊ မြန်မာသံရုံး၊ ကိုလံဘိုမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန။

၂၃။ ဦးကျော်သူ သံအမတ်ကြီး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန။

၂၄။ ဦးလင်းမြိုင် သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန။

၂၅။ ဒေါက်တာအောင်နိုင် သံအမတ်ကြီး၊ မြန်မာသံရုံး၊ တိုကျိုမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန။

၂၆။ ဦးတင်ထွန်း သံအမတ်ကြီး၊ မြန်မာသံရုံး၊ မနီလာမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန။

၂၇။ ဦးအုန်းသွင် သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဒါကာမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန။

၂၈။ ဦးခင်အောင် သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဟန္နိုင်းမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန။

၂၉။ ဦးသိန်းမြင့် ညွှန်ကြားရေးမှူးချုပ်၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၃၀။ ဦးတင့်တယ် ညွှန်ကြားရေးမှူးချုပ်၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၃၁။ ဗိုလ်မှူးကြီးကိုကိုကျော် ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့် စီမံရေးရာ ဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၃၂။ ဦးအောင်ဘွား ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၃၃။ ဦးလှသိန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သတ္တုတွင်းဝန်ကြီးဌာန။

၃၄။ ဦးခင်မောင်လတ် ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၃၅။ ဦးငွေအောင် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွား လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၃၆။ ဦးမောင်မောင်တင် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။

၃၇။ ဦးကျော်စိုး ညွှန်ကြားရေးမှူးချုပ်၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်း ဆောင်ရွက်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၃၈။ ဦးဝင်းကျော် ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ရေအားလျှပ် စစ်ဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၃၉။ ဒေါက်တာစိုးရင် ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီး ဌာန။

၄၀။ ဒေါက်တာစိုးဝင်း ပါမောက္ခချုပ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၁။ ဒေါက်တာညွှန့်လွင် ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်၊ ပညာရေး ဝန်ကြီးဌာန။

၄၂။ ဒေါက်တာမြင့်သိန်း ပါမောက္ခချုပ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၃။ ဦးကံဇော် ပါမောက္ခချုပ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ပညာရေးဝန်ကြီး ဌာန။

၄၄။ ဒေါက်တာခင်ဇော် ပါမောက္ခချုပ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၅။ ဒေါက်တာမြတ်မိုး ပါမောက္ခချုပ်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာန။

စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးတီခွန်မြတ် ခရိုင်ဥပဒေအရာရှိ၊ လားရှိုးခရိုင်ဥပဒေရုံး၊ ရှေ့နေချုပ်ရုံး။

၂။ ဦးကင်ဘိုင်း ညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး။

၃။ ဦးတင်အောင် ညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး။

၄။ ဒေါ်ခင်ပို ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရေးရာဦးစီးဌာန။

၅။ ဦးထန်းမောင်ဖေ ဌာနကြီးမှူး(အုပ်ချုပ်ရေး)၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၆။ ဦးငွေလွင် ဌာနကြီးမှူး(သင်တန်းရေးရာ)၊ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၇။ ဦးခင်မောင်အေး ပါမောက္ခ(ပညာရေးစိတ်ပညာဌာန)၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့။

၈။ ဒေါ်ခင်ဝင်း ပါမောက္ခ (ပညာရေးသဘောတရားဌာန)၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့။

၉။ ကြည်း- ၁၅၄၄၄ ဒုတိယဗိုလ်မှူးကြီးခင်မောင်သန်း အမှတ်(၂)တိုက်ပွဲဝင် စည်းရုံးရေးသင်တန်းကျောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၀။ ကြည်း-၁၅၄၄၉ ဒုတိယဗိုလ်မှူးကြီးဇော်လင်းထွန်း အမှတ်(၇)တိုက်ပွဲဝင် စည်းရုံးရေး သင်တန်းကျောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၁။ ကြည်း-၁၂၃၄၃ ဗိုလ်မှူးစောသိန်း အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်း၊ မင်္ဂလာဒုံ။

၁၂။ ကြည်း-၁၃၉၇၄ ဒုတိယဗိုလ်မှူးကြီးမျိုးလွင် ကာကွယ်ရေးဝန်ကြီးဌာန။

၁၃။ ဦးစံလင်း အထွေထွေမန်နေဂျာ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၁၄။ ဦးမောင်နီ စက်ရုံမှူး၊ ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၅။ ဦးရဲတင့် အထွေထွေမန်နေဂျာ(ကုန်ထုတ်)၊ ရုံးချုပ်၊ မြန်မာ့စားသောက် ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၆။ ဦးစိုးညွန့် အင်ဂျင်နီယာချုပ်(အဆောက်အအုံ)၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း(ရုံးချုပ်)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၁၇။ ဦးသန်းညွန့် အင်ဂျင်နီယာမှူး(မြို့ပြ)၊ မအီ-ကျောက်ဖြူလမ်း၊ ဆောက် လုပ်ရေးဝန်ကြီးဌာန။

၁၈။ ဦးတင်ဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမဝါယမဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန။

၁၉။ ဦးတင့်လွင်ဦး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန။

၂၀။ ဦးလှကြူ အကြံပေးအရာရှိ၊ သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးရုံး။

၂၁။ ဦးကျင်လင်း(ပ/၃၈၇၂)၊ တိုင်းအုပ်ချုပ်ရေးမှူး၊ မန္တလေးတိုင်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၂။ ဦးရဲမြင့်ဖေ စာတည်းမှူးချုပ်၊ ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၂၃။ ဦးဝင်းတင် စာတည်းမှူးချုပ်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၂၄။ ဦးမျိုးလွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၂၅။ ဦးညီညီ ညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၂၆။ ဦးစောထွေးရွှေ ဒုတိယညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၂၇။ ဦးမြင့်ဦး ဒုတိယအင်ဂျင်နီယာမှူးကြီး၊ မန္တလေးတိုင်းစည်ပင်သာယာရေး အဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၂၈။ ဦးဖုန်းမောင် အထွေထွေမန်နေဂျာ၊ မြန်မာ့လေကြောင်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာန။

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်မှု

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု

စင်ကာပူနိုင်ငံ Casey Marine Pte, Ltd. အတွက် တည်ဆောက်ပေးခဲ့သည့် MV. Forceful Performer စက်နှစ်လုံးတပ် ပင်လယ်ကူးတွန်းဆွဲ ရေယာဉ်။

ဘဏ္ဍာရေးနှစ်	ထုတ်လုပ်မှု			စုစုပေါင်း ဝင်ငွေ (ကျပ်သန်းပေါင်း)
	တည်ဆောက်ရေး သင်္ဘော(စင်းရေ)	ပြင်ဆင်ရေး သင်္ဘော(စင်းရေ)	အခြားထုတ်လုပ်မှု (ကျပ်သန်းပေါင်း)	
၁၉၈၉-၁၉၉၀	၁၆	၄၇	၅ ဒသမ ၈၀	၅၉ ဒသမ ၅၂
၁၉၉၀-၁၉၉၁	၁၉	၄၇	၁၀ ဒသမ ၃၄	၆၇ ဒသမ ၈၄
၁၉၉၁-၁၉၉၂	၁၃	၂၁	၈ ဒသမ ၁၂	၇၈ ဒသမ ၅၅
၁၉၉၂-၁၉၉၃	၁၁	၃၁	၉ ဒသမ ၃၅	၉၈ ဒသမ ၆၇
၁၉၉၃-၁၉၉၄	၈	၂၇	၁၀ ဒသမ ၈၇	၁၀၇ ဒသမ ၆၉
၁၉၉၄-၁၉၉၅	၁၅	၂၅	၁၉ ဒသမ ၇၆	၁၁၇ ဒသမ ၀၅
၁၉၉၅-၁၉၉၆	၉	၂၈	၁၉ ဒသမ ၆၈	၁၂၇ ဒသမ ၇၆
၁၉၉၆-၁၉၉၇	၉	၁၈	၁၄ ဒသမ ၂၄	၁၁၈ ဒသမ ၃၃
၁၉၉၇-၁၉၉၈	၁၀	၂၁	၂၅ ဒသမ ၀၅	၁၇၄ ဒသမ ၅၃၆
၁၉၉၈-၁၉၉၉	၈	၂၀	၂၁ ဒသမ ၀၆	၂၃၁ ဒသမ ၇၁
၁၉၉၉-၂၀၀၀	၄	၁၇	၁၀ ဒသမ ၄၄၇	၂၂၅ ဒသမ ၁၀၁
၂၀၀၀-၂၀၀၁	၇	၂၅	၁၃ ဒသမ ၈၆၉	၄၅၉ ဒသမ ၉၃၅
၂၀၀၁-၂၀၀၂	၇	၂၀	၂၉ ဒသမ ၆၂၉	၅၀၄ ဒသမ ၀၂၁
၂၀၀၂-၂၀၀၃	၁၃	-	-	၁၀၄၉ ဒသမ ၂၃၆

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးတွင် ပို့ဆောင်ရေးလုပ်ငန်းသည် အရေးပါသော ကဏ္ဍက ပါဝင်လျက်ရှိသည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ရေယာဉ်တည်ဆောက်ခြင်း၊ ရေယာဉ်ပြင်ဆင်ခြင်း၊ သံမဏိလုပ်ငန်းများ စသည်တို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ မှာယူသော ရေယာဉ်များကိုပါ တည်ဆောက်ပေးလျက် ရှိသည်။

စင်ကာပူနိုင်ငံ Jaya Marine Lines Pte,Ltd. အတွက် တည်ဆောက်ပေးခဲ့သည့် MV. Jaya Transporter စက်ယန္တရား တပ် ရေယာဉ်။

စင်ကာပူ နိုင်ငံအတွက် တည်ဆောက်ခဲ့သည့် ကမ်းလွန်ရေနံရှာဖွေရေးအထွေထွေသုံး MV. Jaya Gold-2 ရေယာဉ်။

မြန်မာနိုင်ငံက တည်ဆောက်ခဲ့သော JAYA Gold-2 သင်္ဘော

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက JAYA Gold-2 သင်္ဘောကို တည်ဆောက်ပေးခဲ့ရာ လက်ရာ သေသပ်ကောင်းမွန်ခြင်း၊ စင်ကာပူနိုင်ငံ အစိုးရက ပြဋ္ဌာန်းထားသော ရေကြောင်းဥပဒေများနှင့် ကိုက်ညီမှုရှိခြင်း၊ အပြည်ပြည်ဆိုင်ရာ အန္တရာယ်ကာကွယ်ရေး၊ ပင်လယ်ပြင် ညစ်ညမ်းမှု ကာကွယ်ရေး အစရှိသော နိုင်ငံတကာ ရေကြောင်းဆိုင်ရာ ဥပဒေများနှင့် ပြည့်မီ ကိုက်ညီအောင် တည်ဆောက်ပေးနိုင်ခဲ့ခြင်းတို့ကြောင့် အပြည်ပြည်ဆိုင်ရာ ရေယာဉ်တည်ဆောက်မှု စစ်ဆေးမှတ်တမ်းတင် အဖွဲ့အစည်းတစ်ခုဖြစ်သည့် (LRS) ၏ အဆင့်အမြင့်ဆုံး အသိအမှတ်ပြု လက်မှတ်ရရှိခဲ့သော ရေယာဉ်တစ်စင်းဖြစ်သည်။

၎င်းရေယာဉ်သည် ကမ်းလွန်ပင်လယ်ပြင် ရေနံတူးစင်အတွက် လိုအပ်သော ပစ္စည်းများ သယ်ယူပို့ဆောင်ပေးနိုင်သည့်အပြင် ရေနံတူးစင်များ အရေးပေါ်မီးငြိမ်းသတ်ရန် လိုအပ်သည့် မီးသတ်စက်ကိရိယာများ တပ်ဆင်ထားသည့် ရေယာဉ်တစ်စင်း ဖြစ်သည်။

ရန်ကုန်တိုင်း မှော်ဘီမြို့နယ်

ညောင်နှစ်ပင်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးအထူးဇုန်ကြီးကြပ်မှုကော်မတီ

ကြေညာချက်

၁။ စိုက်ပျိုးမြေ ငါးဧက တစ်ယူနစ်အခမဲ့ပေးမည်။

၂။ ကိုယ့်အားကိုယ်ကိုး ဂဝံခင်းလမ်း၊လျှပ်စစ်မီးနှင့် ရေပြွန်ပေါက်ပြုလုပ်ရန် တစ်ယူနစ်လျှင် ကျပ် ၆၇၀၀၀၀ ပေးသွင်းရမည်။

၃။ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက်၊ ကြက်၊ငါးများကိုသာ စိုက်ပျိုးမွေးမြူရမည်။

၄။ နှစ်ရှည်ပင်အား ခြံစည်းရိုးပတ်လည်တွင်သာ စိုက်နိုင်သည်။ အကွက်အလယ်၌ လုံးဝမစိုက်ရ။ ခြံစည်းရိုးတွင် ဆူးပုပ်၊ ကင်ပွန်းချဉ်၊ သပြေ၊ ပေါက်ပန်းဖြူ၊ ပြည်ပန်းညို၊ ဒန့်သလွန်၊ ကြောင်လျှာ၊ သံပရာ၊ ရှောက်၊ ကျွဲကော၊ လိမ္မော်၊ ကွမ်းသီး၊ အုန်း၊ ငှက်ပျော၊ သဘော် စသည့် အပင်လတ်အုပ်စုများကိုသာ စိုက်ရမည်။

၅။ စည်းကမ်းနှင့်အညီ စနစ်တကျစိုက်ပျိုးနေသည့်ကာလပတ်လုံး ရာသက်ပန် လုပ်ကိုင်ခွင့်ပေးမည်။ (၅၀ ရာခိုင်နှုန်း)ပြည့်အောင်မစိုက်ပါက လုပ်ပိုင်ခွင့် ရုပ်သိမ်းမည်။ ငွေပြန်မအမ်းပါ။

၆။ ဇုန်ကြီးကြပ်ရေးကော်မတီ၏အစီအစဉ်ဖြင့် ညှိနှိုင်းသည့်ကိစ္စမှအပ သီးနှံနှင့် ကြက်၊ငါးများကို ပြည်တွင်း ပြည်ပသို့ လွတ်လပ်စွာ ရောင်းချနိုင်သည်။

၇။ စဉ်ဆက်မပြတ် ငါးနှစ်စိုက်ပျိုးပြီး လုပ်ကိုင်ခွင့်ပြောင်းလဲလိုပါက တည်ဆဲမြေယာဥပဒေများနှင့်အညီ ပြောင်းလဲချထားခွင့်ပြုမည်။

၈။ နိုင်ငံခြားသားအား ရောင်းချခြင်း၊ မည်သည့်နည်းနှင့်မျှ ပိုင်ဆိုင်ခွင့်ပေးခြင်း ခွင့်မပြု**(မပြု)**။

၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆက်စပ်သည့် စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်လျှောက်ထားပါက စိစစ်ခွင့်ပြုပေးမည်။

၁၀။ တစ်ဦးလျှင် အနည်းဆုံး တစ်ယူနစ် ငါးဧကမှ အများဆုံး နှစ်ယူနစ် ၁၀ ဧကအထိ လုပ်ကိုင်ခွင့်ချထားပေးမည်။

၁၁။ ဇုန်သက်တမ်းသုံးနှစ်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ၇၆၇၁ ဧက၊ ကြက် မွေးမြူရေးလုပ်ငန်း ၁၉၈၃ ဧက၊ ငါးမွေးမြူရေးလုပ်ငန်း ၇၈၃ဧက၊ စက်မှုလုပ်ငန်း ၁၅၅ ဧက စုစုပေါင်း ၁၀၅၉၂ ဧက ခွင့်ပြုချထားပေးပြီး ဖြစ်သည်။

၁၂။ ယနေ့အထိ အသားစားကြက်ကောင်ရေ ခြောက်သိန်းကျော်၊ ဥစားကြက်ကောင်ရေ တစ်သိန်းကျော် စုစုပေါင်း ကြက်ကောင်ရေ ခုနစ်သိန်းကျော် မွေးမြူထုတ်လုပ် အောင်မြင်လျက်ရှိသည်။

၁၃။ ရန်ကုန်-ပြည်လမ်းဘက်မှဇုန်အဝင် ကတ္တရာလမ်းငါးမိုင်၊ ရန်ကုန်- ပဲခူးလမ်းဘက်မှဇုန်အဝင် ကွန်ကရစ် လမ်းမကြီး လေးမိုင်၊ ဇုန်အတွင်း မြေသား ဂဝံလမ်း ၁၀၈ မိုင် ဖောက်လုပ်ပေးပြီးဖြစ်သည်။

၁၄။ (၁၁)ကေဗီအေဓာတ်အားလိုင်း၂၈မိုင်၊(၄၀၀)ဗို့လိုင်း ၅၄ မိုင် သွယ်တန်းပေးထားပြီး ၂၄ နာရီ ဓာတ်အား သုံးစွဲခွင့် ရရှိပြီးဖြစ်သည်။

၁၅။ ကိုယ်တိုင်လှည့် အော်တိုတယ်လီဖုန်းစနစ် တပ်ဆင်ထားရှိပြီး ပထမအဆင့်အနေဖြင့် လုပ်ငန်းရှင် ၁၀၀ ဦး သုံးစွဲခွင့်ရရှိပြီးဖြစ်သည်။ ထပ်မံ၍ လိုင်း ၅၀၀ ကျော် တိုးချဲ့တပ်ဆင်ပေးမည်။ ကုန်ကျစရိတ် သက်သာစွာဖြင့် သုံးစွဲခွင့်ရရှိမည်။

၁၆။ အထယုရေလှောင်တမံ တစ်ခုဆောက်လုပ်ပေးထားပြီး ၎င်းမှလက်တံတူးမြောင်းကွန်ရက် မိုင်(၂၀၀)ကျော် ဖောက်လုပ်ကာရေပေးဝေရေး ဆောင်ရွက်ပေးထားသည့်အပြင်၊ ငမိုးရိပ်လက်ယာတူးမြောင်းမှ ဆည်ရေကို လည်းမြောင်းလက်တံ(၂ဒသမ၅)မိုင်တူးပေးပြီး ရေပေးဝေနေသဖြင့် ရေလုံလောက်စွာရရှိရေး စီစဉ်ပေးထားပြီး ဖြစ်ပါသည်။

၁၇။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းပညာနှင့် ပံ့ပိုးမှုလုပ်ငန်းဆပ်ကော်မတီ ဖွဲ့စည်းထားပြီးဇုန်အတွင်း စိုက်ပျိုးရေးလုပ်သားများကို သင်တန်းပို့ချပေးလျက်ရှိသည်။ စိုက်ပျိုး/မွေးမြူရေး လုပ်ငန်းနှင့်ပတ်သက်၍ ပိုးမွှားရောဂါကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဓာတ်ခွဲခန်းများဖွင့်လှစ်ပေးထားသည်။ မျိုးစေ့အရောင်းဆိုင်၊ ဓာတ်မြေဩဇာအရောင်းဆိုင်များ ဖွင့်လှစ်ပေး ထားသည်။

၁၈။ လုံခြုံရေးအတွက် ရဲစခန်း(၂)ခုနှင့် ရဲကင်းစခန်း(၃)ခုဖွင့်လှစ်ပေးထားသည်။

၁၉။ စာသင်ကျောင်း(၂)ကျောင်း၊ ကျန်းမာရေးဆေးခန်း(၁)ခု၊ မီးသတ်စခန်း(၁)ခုနှင့် ဇုန်တာဝန်ရုံးနှင့် အစည်း အဝေးခန်းမကြီး(၃)ခု ဆောက်လုပ်ပေးထားပြီးဖြစ်သည်။

၂၀။ ခရီးသည်တင်ကားနှင့် ဈေးကားများစီစဉ်ပေးထားသည်။

၂၁။ ညောင်နှစ်ပင်အထူးဇုန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်း လုပ်ကိုင်ရန်စိတ်ပါဝင်စားသူများ အောက်ဖော်ပြပါဇုန်ကြီးကြပ်ရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

(၁) ဦးလှစိုး အထူးဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဖုန်း-၃၇၀၅၀၈
တိုင်းအုပ်ချုပ်ရေးမှူး၊ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
အမှတ် ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

(၂) ဦးအောင်စန်း အထူးဇုန်(၁)တာဝန်ခံ ဖုန်း-၆၆၄၀၉၃
တိုင်းမန်နေဂျာ၊ ခဝဲခြံ(၁)လမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

(၃) ဦးသိန်းနိုင် အထူးဇုန်(၂)တာဝန်ခံ ဖုန်း-၆၄၂၂၂၇
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်။

(၄) ဦးကျင်ထွန်း အထူးဇုန်(၃)တာဝန်ခံ ဖုန်း-၃၈၀၂၇၃
တိုင်းမြေစာရင်းမှူး၊ တိုင်းမြေစာရင်းဦးစီးဌာန
အမှတ် ၄၈၆၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။

(၅) ဦးသိန်းဇော် အထူးဇုန်ကွပ်ကဲရေးတာဝန်ခံ ဖုန်း-၆၀၁၁၀၀EX- ၁၄၄
မှော်ဘီဆန်းခန်းမ၊ ညောင်နှစ်ပင်၊ မှော်ဘီမြို့နယ်။

၂၂။ (၅၀ ရာခိုင်နှုန်း)ပြည့်အောင် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ခြင်းမရှိသည့် မြေ(၆၀) ယူနစ်(၃၀၀)ဧက ပြန်လည်သိမ်းဆည်းပြီး ထပ်မံလျှောက်ထားသူများအား လုပ်ကိုင်ခွင့်ပြောင်းလဲချထားပေးပြီးဖြစ်ပါသည်။ အထူးဇုန်ကြီးကြပ်ရေးကော်မတီအနေဖြင့် ညောင်နှစ်ပင်အထူးဇုန်၏ လုပ်ငန်းများ အရှိန်မြှင့်တင် ဆောင်ရွက် လျက်ရှိရာ သတ်မှတ်စည်းကမ်းများ အတိုင်း စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသောလုပ်ငန်းရှင်များ လုပ်ကိုင်ခွင့် သိမ်းဆည်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
အထူးဇုန်ကြီးကြပ်ရေးကော်မတီ

ဇန်နဝါရီ ၄ ရက်က (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌဦးထွန်းလှအောင် ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

ဇန်နဝါရီ ၄ ရက်က (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို လှိုင်သာယာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ မြက်ခင်းပြင်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌဦးပေါက်ကျော် ဖတ်ကြားစဉ်။ (၁၈၀)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်မြင့်စိန်(ခ) မောင်မြင့်သိန်းသည် မိဘ မောင်နှမများ အပေါ်တွင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ် ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြရွှေ ၁၂/တမန(နိုင်)၀၆၇၈၅၈
အမှတ်၆၅၃(က)၊တနင်္သာရီလမ်း၊
(၁၉)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။

သမ္မတနိဗ္ဗာန်ကုန်နှင့်သက်န်းတိုက်မိသားစု အဌမအကြိမ်သာသနာပြုပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြို့ သမ္မတနိဗ္ဗာန်ကုန်နှင့် သင်္ကန်းတိုက်ပိုင်ရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်-ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ မိသားစုတို့က အဌမအကြိမ် သာသနာပြုပွဲအဖြစ် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် တိန်ပြင်ကျေးရွာတွင် ရှင် ၁၀၈ ပါး ရှင်ပြုပွဲ၊ ကထိန်အောင်ပွဲ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စာသင်ကျောင်း၊ တံတား၊ ရေတွင်းနှင့် စောင်အထည် ၁၀၀၀ လှူဒါန်းပွဲကို ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် တိန်ပြင် ကျေးရွာတွင် ဇန်နဝါရီ၈ ရက်၌ကျင်းပမည်ဖြစ်သည်။

အဆိုပါနေ့ ညနေ ၆ နာရီတွင် ပြည်တွင်း ပြည်ပသာသနာပြု အလိုတော်ပြည့် ဆရာတော်ကြီး ဘဒ္ဒန္တ အရိယဝံသက တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ပြီး ရခိုင်ရိုးရာအက ပဒေသာပွဲများ၊ အားကစားပွဲများပါ စီစဉ်ထားကြောင်းသိရသည်။**(က-ပ)**

အီလက်ထရွန်နစ်သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၄

ဝါရင့်ကျွမ်းကျင် လက်ရွေးစင် အင်ဂျင်နီယာများ ဦးစီးသင်ကြားမည့် ရေခဲသေတ္တာ၊ လေအေးပေးစက် စာတွေ့လက်တွေ့၊ လက်တွေ့အသုံးချ လျှပ်စစ်သင်တန်း (ဝါယာရင်း၊ မော်တာ၊ ထရန်စဖော်မာ)၊ လက်တွေ့ အသုံးချ အီလက်ထရောနစ်သင်တန်း (ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗီဒီယို)၊ Programmable Logic Controls (P.L.C) ရေးဆွဲနည်းကို Omron စက်ဖြင့် On Lineချိတ်ဆွဲပြီး လက်တွေ့လေ့ကျင့်ခြင်း သင်တန်းများကို ဇန်နဝါရီ ၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် Elite Engineering Group အမှတ် ၅၁၊ မြေညီထပ်(၃၈)လမ်း၊ ကမ်းနားဘလောက် ဖုန်း-၂၄၂၂၂၆ ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အင်အားပြင်းလျှော်လျှပ်

ရန်ကုန် ဇန်နဝါရီ ၄

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃ ရက် မြန်မာစံတော်ချိန် ၂၃ နာရီ ၀၅ မိနစ် ၃၅ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့တောင်ဘက် ၅၄၀၀ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

ဒဂုံဗျူရီကုမ္ပဏီလီမိတက် အရောင်းမြှင့်တင်ရေးဝန်ထမ်း(မ) အလိုရှိသည်

ဒဂုံဗျူရီကုမ္ပဏီလီမိတက်မှ အရောင်းမြှင့်တင်ရေးဝန်ထမ်း(မ) ရာထူးအတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

၁။ အသက်(၂၀)မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။
၂။ အိမ်ထောင်မရှိသူ(အပျို)ဖြစ်ရမည်။
၃။ ရုပ်ရည်သန့်ပြန့်ပြေပြစ်ရမည်။
၄။ အရပ် ၅ ပေ ၁ လက်မနှင့်အထက်၊ ကိုယ်အလေးချိန် ၁၁၅ ပေါင် မကျော်စေရ။
၅။ သွက်လက်ချက်ချာ၍ ဆက်ဆံရေးကောင်းမွန်ရမည်။
၆။ အင်္ဂလိပ်(သို့)တရုတ်စကား အနည်းငယ်ပြောဆိုနိုင်သူကို ဦးစားပေးမည်။
၇။ ရန်ကုန်မြို့တွင်း အချိန်မရွေး နေရာမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
၈။ အရောင်းမြှင့်တင်ရေး လုပ်ငန်းကို စိတ်ပါဝင်စားသူဖြစ်ရမည်။
၉။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

စိတ်ဝင်စားသူများသည် မိမိ၏ ကိုယ်ရေးရာဇဝင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လုပ်ငန်းအတွေ့အကြုံဆိုင်ရာ ခိုင်လုံသော အထောက်အထားများ၊ ဓာတ်ပုံ(၂)ပုံနှင့် ဒဂုံဗျူရီကုမ္ပဏီလီမိတက်ဈေးကွက်နှင့် အရောင်းဌာန၊ စိုက်ပျိုးရေးဝင်း၊ ပြည်လမ်း၊ ကိုးမိုင်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၆၅၁၁၇၇၊ ၆၅၂၁၆၉ တို့သို့ ကြော်ငြာပါသည့်နေ့မှစ၍ ၁၀ ရက်အတွင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

ကျောက်ပန်းတောင်းမြို့ရှိ အလိုတော်ပြည့် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တအရိယဝံသ ဆရာတော်ကြီး၏ မူလပထမ မဟာအောင်မြေစာသင်တိုက်၏ (၁၂) ကြိမ်မြောက် ဈာနမုဒြာ ဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ဒီဇင်ဘာ ၁၈ ရက်က ကျင်းပရာ သံဃာတော် ၁၀၅ ပါးနှင့် အောင်မြေရတနာစာသင်တိုက် ပဓာန နာယကဆရာတော်များအား အလှူရှင်များ ဆွမ်းတော်ကြီး လောင်းလှူကြစဉ်။ (ဝဖ၁)

ပုသိမ်မြို့၌ အခြေခံပညာအဆင့် အင်္ဂလိပ်ကဗျာ၊ သီချင်းနှင့်ပုံပြောပြိုင်

ပုသိမ် ဇန်နဝါရီ ၁

ဧရာဝတီတိုင်း အမှတ်(၁) အခြေခံပညာဦးစီးဌာန၏ အခြေခံပညာအဆင့် အင်္ဂလိပ်ကဗျာ၊ သီချင်းနှင့်ပုံပြင်ပြောဆို ရွတ်ဖတ်ပြိုင်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက်က ပုသိမ်မြို့အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ပမ္မဝတီခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ချီးမြှင့်ပေးအပ်

ယင်းနောက် ဧရာဝတီတိုင်းပညာရေးမှူး ဦးမောင်မောင်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ပုသိမ်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအလယ်တန်းကျောင်းများကို အထက်တန်းကျောင်းတစ်ကျောင်းလျှင် ကျပ်ငွေ သုံးသောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်းလျှင် ကျပ်ငွေနှစ်သောင်းစီ ချီးမြှင့်ပေးအပ်သည်။

ပြိုင်ပွဲသို့ ဧရာဝတီတိုင်းအတွင်းရှိ ၂၆ မြို့နယ်အနက် ၂၂ မြို့နယ်မှ အခြေခံပညာအဆင့် ကျောင်းသားကျောင်းသူလေးများ ပါဝင်ယှဉ်ပြိုင်ကြသည်။ **(က-ပ)**

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဖြူးကုန်းကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို လမ်းထိပ်မှန်ဦးတွင် ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် တိုင်းစည်ပင် ညွှန်ကြားရေးမှူး ဦးစိုးလွင်တို့ကြည့်ရှုစစ်ဆေးကြစဉ်။ (နယ်စပ်စည်ပင်)

နယ်လှည့်စာကြည့်တိုက်ဖွင့်၊ ပညာပေးဟောပြော

ကြံခင်း ဇန်နဝါရီ ၁

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲဖွင့်ပွဲကို ကြံခင်းမြို့နယ် ကွမ်းအစ်ကုန်းကျေးရွာအုပ်စု ကွမ်းအစ်ကုန်းကျေးရွာ အစိုးရမူလတန်းကျောင်းတွင် ဒီဇင်ဘာ ၂၀ ရက်နံနက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ဝင်းနှင့်ကွမ်းအစ်ကုန်းကျေးရွာအုပ်စုဥက္ကဋ္ဌဦးကြည်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အလားတူ အခမ်းအနားများကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ကွမ်းအစ်ကုန်းအုပ်စုရှိကျေးရွာ ကိုးရွာတို့တွင် ကျင်းပခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ငါးနှစ်အောက်ကလေးများ ကာကွယ်ဆေးတိုက်ကျွေး

ကျောက်တော် ဒီဇင်ဘာ ၃၀

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက်က ကျောက်တော်မြို့ မြို့မ(အလက) ကျောင်းရှေ့ကွင်းပြင်၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးလှနေက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစန်းမောင်က ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အခမ်းအနားကျင်းပရခြင်းနှင့် အသက်ငါးနှစ်အောက် ကလေးငယ်များအားလုံး ပိုလီယို ကာကွယ်ဆေးတိုက်ကျွေးရေးအတွက် မိဘတိုင်းမပျက်မကွက် လိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များက အသက်ငါးနှစ်အောက် ကလေးသူငယ်များအား ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေးပေး

အင်းတော် ဒီဇင်ဘာ ၃၀

အင်းတော်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးကြီးမှူး၍ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေးပေးသည့် လုပ်ငန်းများကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဆင်ခြေထောက် ရောဂါကာကွယ်ဆေးများကို ပြည်သူများအား တစ်အိမ်တက်ဆင်းသွားရောက် တိုက်ကျွေးပေးကြသည်။ **(၁၃၃)**

ကျုံပျော်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ကျုံပျော် ဒီဇင်ဘာ ၃၀

ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားအသက်(၂၃)နှစ်အောက် ဇုန်နယ်အလိုက် ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ရက်က ကျုံပျော်မြို့ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဦးလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲနေ့တွင် ရေစခန်းအသင်းက မြဝတီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(၂၉၈)**

ဒီဇင်ဘာ ၂၁ရက်က စစ်တွေမြို့ ဘိုးဘွားရိပ်သာဝင်းအတွင်းရှိ အမှိုက်သရိုက်များ၊ ချုံနွယ်များ၊ ပေါင်းမြက်များကို ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးကြီး ဝင်းကြည်၊ ရဲမှူးကြီးငွေအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုများ စုပေါင်းရှင်းလင်းကြစဉ်။ (က-ပ)

မွေးမြူရေးလုပ်ငန်းအောင်မြင်ရေး ညှိနှိုင်းဆွေးနွေး

ဝက်လက် ဒီဇင်ဘာ ၃၀

ရွှေဘိုခရိုင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာသန်းထိုက်နှင့်တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဝက်လက်မြို့နယ် မြင်တော်ကျေးရွာ ဥက္ကဋ္ဌ ဦးညွန့်ပိုင်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံကာ မြင်တော်ကျေးရွာအုပ်စု အတွင်း ကြက်နှင့်ဝက်မွေးမြူရေး လုပ်ငန်းအောင်မြင်ရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် အဖွဲ့သည် ဝက်လက်မြို့နယ် သခွတ္တောတောင်ကျေးရွာသို့ သွားရောက်၍ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသဝက်မွေးမြူသူများနှင့် တွေ့ဆုံ၍ ဆက်လက် လုပ်ကိုင်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းကူညီဆောင်ရွက်ပေးကြသည်။ **(၂၃၀)**

အရန်မီးသတ်တပ်ဖွဲ့သို့ မီးသတ်စက်လှူဒါန်း

ပဲခူး ဒီဇင်ဘာ ၃၀

ပဲခူးမြို့မဈေးကြီးနှင့် ဈေးပိုင်းရပ်ကွက် မီးဘေးကာကွယ်ရေး ဆောင်ရွက်နိုင်ရန်အတွက် ဈေးပိုင်းရပ်ကွက်နေပြည်သူများ လှူဒါန်းသည့် ဟွန်ဒါမြင်းကောင်ရေ ၇၅ ကောင်အား မီးသတ်စက် မြို့မဈေးအရန်မီးသတ်တပ်ဖွဲ့သို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ရက်ကမြို့မဈေးကြီးသုံးထပ်ဈေးရုံအလယ်ထပ်တွင် ကျင်းပသည်။ အခမ်းအနားသို့ ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်လွင်နှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး အပေါ့စားမီးသတ်စက်ကို အလှူရှင်များက မြို့မဈေးအရန်မီးသတ်တပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးထံ ပေးအပ်လှူဒါန်းကြသည်။ **(ဓါတ်ပုံ) (မြို့နယ်စည်ပင်)**

မြန်မာ့အသံ

၆-၁-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့်ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (စက်မှုကုန်ထုတ်အလုပ်ကုန်ပစ္စည်းအကြောင်း)

၁၁း၄၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက်(ဝိသေသမြန်မာ-မောင်ကြည်သန့်)

၁၁း၄၅ သုခ၏ ရတနသုတ်ဆွေးနွေးခန်း (အပိုင်း-၂၆)

၁၂း၀၀ သူ့အတွေးနှင့်သူ့အရေး (မြန်မာကိုမြန်မာဟုခေါ်ပါ-တက္ကသိုလ်မြတ်သူ)

၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (တို့ဘိုးဘွားအမွေအနှစ်မို့)

၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မှတ်ဖွယ်မှတ်ရာ ဇာတိမာန်ကဗျာများ-ခိုင်ခိုင်)

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အဋ္ဌမတန်း-သင်္ချာအဖွဲ့-၁)

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (မေတ္တာဖြင့်သာ)

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၀ ကမ္ဘာ့ဂီတ

၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ဂေါက်သီးရိုက်အားကစားခြင်းမှ ရရှိနိုင်သော အကျိုးကျေးဇူးများ-ဦးဉာဏ်ထွန်း)

၁၇း၅၀ သောတရှင်အတွက်ပြန်ကြားချက်

၁၈း၁၅ ကျန်းမာရေးနှင့်ဆေးပညာ (ငှက်ဖျားရောဂါ)

၂၀း၃၀ ကလေးများ၏သီချင်းဆိုပြိုင်ပွဲ အစီအစဉ်

ပန်းချီဆရာကြီးဦးညွှတ်ရှိန် အမှတ်တရ ဟောပြောပွဲနှင့်အောက်မေ့ဖွယ်လက်ရာမွန်ပြပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)က ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) နာယကယဉ်ကျေးမှုတက္ကသိုလ်ပညာရေးအဖွဲ့ဝင် ပခုက္ကူဦးအုံးဖေ စာပေဆုရ (စာရေးဆရာ ညိုဝင်းရှင်) ပန်းချီဆရာကြီး ဦးညွှတ်ရှိန် (၁၉၂၅-၂၀၀၃) အား အမှတ်တရ ဂုဏ်ပြုဟောပြောပွဲနှင့် အောက်မေ့ဖွယ် လက်ရာမွန်ပြပွဲကို အမှတ်(၁၈၈/၁၉၂) ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း၊ ပန်းဘဲတန်းမြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံးဗဟို ခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ဟောပြောပွဲကို ဇန်နဝါရီ ၅ရက် မွန်းတည့် ၁၂နာရီတွင် လည်းကောင်း၊ လက်ရာမွန်ပြပွဲ ကို ဇန်နဝါရီ ၅ ရက်မှ ၁၁ရက် နံနက် ၉နာရီမှ ညနေ ၅နာရီအထိလည်းကောင်း ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက် ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၄

လှိုင်သာယာမြို့နယ် (၁၂)ရပ်ကွက် လှိုင်ရတနာလမ်းမိုးကုတ်ရိပ်သာ(၁၄၆) တွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက ဆရာတော် အရှင်ကေသဝ(ပျော်ဘွယ်)က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ (ပြာသိုလပြည့်ကျော် ၆ ရက်မှ ၁၂ ရက်အထိ) မိုးကုတ်ဝိပဿနာ အလုပ်ပေးခုနစ်ရက် တရားစခန်းပွဲ၌ ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးမြတ်တရားကိုဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဇန်နဝါရီ ၂ ရက်က သဃ်န်းကျွန်း မြို့နယ် ဓ/တောင် ရပ်ကွက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ရွှေနားပန်စေတီတော်မြတ်ကြီးနှင့် သာသနာ့အလင်းရောင် မြတ်စွာဘုရား၊ ဥက္ကလာဦးစေတီတော်၊ ဆယ့်တစ်တောင်ပြည့် စေတီတော်များ၏ (၈၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပူဇော်ပွဲ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးကြည်အေးနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးသာဒင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (က-ပ)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင်ဈေးလမ်းမိသားစုသံဃာ့ဒါနဆွမ်းလောင်းအဖွဲ့၏ ပဉ္စမအကြိမ်ဆွမ်းသိမ်းပွဲ၊ ပဋ္ဌာန်းပူဇော်ပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သဲကုန်းဆရာတော် အရှင်ဒေါက်တာဉာဏိဿရ (D.Litt) က ဇန်နဝါရီ ၆ရက် ညနေ ၆နာရီတွင် ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင် ဈေးလမ်း(အီဒင်လမ်း) သံဃာ့ဒါနဆွမ်းလောင်း ဓမ္မာရုံ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မိတ္ထီလာဆရာတော် သစ္စာတရား ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၄

မန္တလေးတိုင်း မလှိုင်မြို့နယ် ရေချိုကျေးရွာ မိုးကုတ်တရားစခန်းပွဲကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက် တပို့တွဲလဆန်း၉ရက်မှ(တပို့တွဲလပြည့်နေ့)ထိကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင်မန္တလေးတိုင်း မိတ္ထီလာမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ပဓာနနာယကကျောင်းသစ်ကျောင်း ဆရာတော်ဘဒ္ဒန္တပညာစာရ(ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စာကြည့်တိုက်ပညာ လေ့ကျင့်မှုဆင့်ပွား သင်တန်း အမှတ်စဉ် ၈/၂၀၀၃သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ၂၅ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်နိုင်က သင်တန်းသား ခေါင်းဆောင်အမက(၁၈)မှ ကျောင်းအုပ်ဆရာကြီး ဦးနိုင်ဟိတ်အား သင်တန်းဆင်း လက်မှတ်များ ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုးကျေးရွာဖွံ့ဖြိုးရေး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၄

ပဲခူးတိုင်းအနောက်ပိုင်းသာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်ကြခတ္တန်းကြီးကျေးရွာ၌ ကုန်ကျစရိတ် ၇၆၉၅၉၉ ကျပ်ဖြင့် ဆောက်လုပ်လှူဒါန်းသော မိဘမေတ္တာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကိုဒီဇင်ဘာ ၂၆ရက် နံနက်က အဆိုပါ ကျေးရွာစာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ပဲခူးတိုင်း လက်ထောက် တိုင်းပညာရေးမှူး ဦးဖုန်းမြင့်လွင်၊ သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်အေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်၊ စာကြည့်တိုက် အလှူရှင် သီရိစန္ဒာကုမ္ပဏီလီမိတက် (အင်းစိန်) မန်နေဂျင်း ဒါရိုက်တာဦးတင်မြင့်နှင့် ဇနီး ဒေါ်သီတာဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာပေဝါသနာရှင်များနှင့် ကျေးရွာမှပြည်သူများ တက်ရောက်ကြသည်။

စာအုပ်များလှူဒါန်း

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ဆရာကြီးဦးရွှေပိုင်းက စာပေရေးရာနှင့် ပတ်သက်၍ ဟောပြောပြီး စာအုပ်အလှူရှင်များက တာဝန်ရှိသူများအား စာအုပ်များ လှူဒါန်းကြသည်။

(ပြန်/ဆက်)

ရွှေပြည်သာ အမက(၃၃) မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပရာကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းရီက မြို့နယ်အဆင့် ဘက်စုံထူးချွန်စတုတ္ထဆုနှင့် ကျောင်းတွင်း ဘက်စုံ ပထမဆုရ တတိယတန်း ကျောင်းသူ မဝင်းပပမိုးဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

အမ်ပီ မုန့်မျိုးစုံနှင့် လူသုံးကုန်စတိုးဆိုင်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၄

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် MP Convenient Store and Snacks ဆိုင်ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက် နံနက်က ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်ရှိ သမဝါယမဝန်ကြီးဌာနဆရာစံပလာဇာ မြေညီထပ်တွင် ကျင်းပသည်။

အဆိုပါဆိုင်တွင် အသင့်စားမုန့်မျိုးစုံ၊ ဖျော်ရည်နှင့်အချိုရည်မျိုးစုံ၊ ရေခဲမုန့်နှင့် ရေခဲချောင်းမျိုးစုံ၊ လူသုံးကုန်ပစ္စည်းမျိုးစုံ၊ စာအုပ်နှင့် စာရေးကိရိယာမျိုးစုံ၊အမှတ်တရလက်ဆောင်ပစ္စည်းမျိုးစုံ တို့ကို အထူးသက်သာသောနှုန်းထားဖြင့် ရောင်းချလျက်ရှိသည်။ ထို့ပြင် MP Premium Cap Coffee ကို အရသာ ကောင်းမွန်စွာဖြင့် လွယ်လင့်တကူ သယ်ဆောင် သောက်သုံးသွားနိုင်အောင် စီစဉ်ရောင်းချလျက်ရှိသည်။

(အောက်ပုံ)

MP Convenient Store and Snacks မှာ Myanma Prestige International Co.,Ltd၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး နေ့စဉ် နံနက် ၈နာရီမှ ညနေ ၆ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ် ရောင်းချလျက်ရှိကြောင်း သိရသည်။

(က-ပ)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကလေးပြိုင်ပွဲ၊ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက်က အင်းစိန် တောင်သူကုန်းရပ်ကွက် မင်းကြီးလမ်းရှိ အသင်းပိုင်မြေကွက်လပ်၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီနာယကအဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်ဆွေမြင့်က ပထမဆုရ မွေးကင်းစမှ ခြောက်လအရွယ် ရင်သွေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။

(ဝ၄၆)

အမျိုးသမီးကိုယ်ကာယ အလှသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၄

အမျိုးသမီးများအတွက် သီးသန့်ဖွင့်လှစ်ပေးထားသော (Kit Fit Fitness Centre)သည် ကောင်းမွန်၍ သန့်ရှင်းသော ခန်းမကျယ်ရှိခြင်း၊ နောက်ဆုံးပေါ် စက်ကိရိယာများဖြင့် ကစားနိုင်ခြင်း၊ ကျွမ်းကျင်သော ဝါရင့်ဆရာမများကိုယ်တိုင် ကြီးကြပ်သင်ကြားပေးခြင်း၊ နည်းစနစ် မှန်ကန်စွာ ကစားရသဖြင့် ကျန်းမာကြံ့ခိုင်လာခြင်း၊ (B.C.D)စက်များဖြင့် ကိုယ်ခန္ဓာပြေပြစ် ကျော့ရှင်းစေခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်စေရန် ကစားလိုသူများသည် နည်းစနစ်ကျနသော (Kit Fit Fitness Centre) အမှတ် ၂၅၆/၂၅၈ အနော်ရထာလမ်း အေးရိပ်သာ (အပေါ်ထပ်) ရန်ကုန်မြို့ ဖုန်း-၃၇၃၀၃၅၊ ၂၄၂၄၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

တရုတ်နှင့် မလေးစကားပြောသင်တန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၄

Aung Language Centre မှ တရုတ်ဘာသာစကားကို ဆရာမ ဒေါ်ဖြူဖြူက အခြေခံအရေး၊ အဖတ်၊ အပြော လွယ်ကူစွာတတ်မြောက်စေရန် စနေနှင့် တနင်္ဂနွေနေ့ နံနက် ၁၁နာရီခွဲမှ ၁နာရီအထိ ဇန်နဝါရီ ၁၀ ရက်တွင် တရုတ်နှင့် မလေးရှားစကားပြောတန်းခွဲသစ် ဖွင့်မည်ဖြစ်သည်။ ထို့ပြင် မလေးရှားစကားပြောကို ဆရာစိုးသီဟက အလွယ်ပြောဆို တတ်မြောက်အောင် တစ်ပတ်သုံးရက် သင်ကြားပေးမည်ဖြစ်ရာ အရှေ့ရန်ကင်း တိုက်၂၈၂ အခန်း၁ အမှတ် ၂ ရပ်ကွက် ရန်ကင်းကြားမှတ်တိုင်အနီး (ရန်ကင်းသဲကွင်းအနီး) ဖုန်း-၅၅၅၉၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)



လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊
သုမင်္ဂလာလမ်း၊ အမှတ် ၉၆၀ နေ
ဦးလှတိုး [ဒု-အထွေထွေမန်နေဂျာ (ငြိမ်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း]-
(ဒေါ်ကြည်မြခိုင်)တို့၏ တစ်ဦးတည်းသောသား

မောင်ကြည်ဦးတိုး B.E(Aeronautical) နှင့်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊
စက်မှု(၁)လမ်း၊ တိုက်အမှတ် ၃၇၀၊ အခန်း (၁၃) နေ
ဦးပေါ်ရှိန် (တပ်မတော်ရေ၊ငြိမ်း)-ဒေါ်ခင်သန်းဆွေ
(မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး

မဝါဝါရှိန် B.A (Hons),M.A. (English)

တို့၏ ၄-၁-၂၀၀၄ ရက်(တနင်္ဂနွေနေ့)တွင် မင်းကွန်းတိပိဋကဓရကျောင်းတိုက်၌ ကျင်းပ ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းဧည့်ပရိသတ်များနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကြည်ဦးတိုး-မဝါဝါရှိန်။

အ-ထ-က(၂)လသာ ကျောင်းသူဟောင်းများအတွက် ဖိတ်ကြားလွှာ

အ-ထ-က(၂)လသာ၏ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားပါသည်။

ကန်တော့ခံဆရာမကြီးများအား သီးခြားလှူဒါန်းလိုသော ပစ္စည်းများကို ကြိုတင်ပေးပို့နိုင်ပါသည်။

ကျင်းပမည့်နေ့ရက် - (၁၇-၁-၂၀၀၄) စနေနေ့
ကျင်းပမည့်အချိန် - နံနက် (၉)နာရီ
ကျင်းပမည့်နေရာ - မြနီလာခန်းမ၊ အ-ထ-က(၂)လသာ

(သီးခြားဖိတ်စာမပို့ပါ)

အာသီသ - ဆရာမကြီးများ၏ ပျော်ရွှင်ပီတိကို မျှဝေခံစားရင်း ပူဇော်နိုင်ရန်အတွက် မပျက်မကွက် တက်ရောက်ကြပါရန်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

မင်္ဂလာဦး ဆုတောင်းလွှာ

ချစ်သား ကိုတိုးနှင့် ချစ်သမီး မဝါတို့၏ ၄-၁-၂၀၀၄ မင်္ဂလာဦး ရက်မှစ၍ နောင်နှစ်ပေါင်း ၁၂၀ တိုင် အေးချမ်းသာယာ ဖြောင့်ဖြူးသော ဘဝခရီးကို အတူလျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ခြွေလျက်-

ချစ်ဘွားဘွား - ဒေါ်ကေတီ
ချစ်ဖေကြီး - ဦးပေါ်ရှိန် (Miraco Co., Ltd.)
ချစ်မေကြီး - ဒေါ်ခင်သန်းဆွေ (MFTB၊ ငြိမ်း)
ချစ်မောင်လေး - အောင်ကျော်ရှိန် (Sr/DC, Victoria Stream)-မဖြူပြာလွင်
ချစ်မောင်လေး - မောင်မောင်ပြည့်စုံ (GTC၊ မအူပင်တက္ကသိုလ်)
ချစ်ညီမလေး - နန်းထား (အထက-၂၊ ဗဟန်း)
ချစ်တူ/တူမလေး - ဟေသီလွင်၊ ဖိုးသား

နှစ်နှစ်ပြည့်မင်္ဂလာ ကျေးဇူးတင်လွှာ

ပဲခူးတိုင်း၊ ပေါင်းတည်မြို့၊ ရွှေတောင်လမ်း၊ ရွှေတည်(၁)နေ
ဦးဉာဏ်ထွန်း-ဒေါ်ခင်လှ
တို့၏သား

ကိုဆန်းလွင်(ခ)ကိုဆန်းလွင်ဦး

နှင့်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အရှေ့မြို့ပတ်လမ်း၊
သစ်တောရပ်ကွက်နေ
ဦးသောင်းညွန့်-ဒေါ်ခင်အေး
တို့၏သမီး

မအိချို(ခ)မအိစန္ဒီ (Eagle Shipping Co., Ltd.)

တို့၏

၄-၁-၂၀၀၄ ရက်တွင်ကျရောက်သော နှစ်နှစ်ပြည့် နှစ်ပတ်လည်မင်္ဂလာ အခမ်းအနားနှင့် ဆုတောင်းပွဲကို ကြီးမှူးကျင်းပပေးသော ရန်ကုန်မြို့ မော်နွေလ ဘုရားကျောင်းမှ ဆရာတော်ကြီး Dr. Paul F. Johns ကိုလည်းကောင်း၊ သင်းအုပ်ဆရာတော်များအားလည်းကောင်း၊ နံနက်ခင်း ဆုတောင်း အစီအစဉ်တွင် ပါဝင်ဝတ်ပြုဆုတောင်းပေးကြသော ဧည့်ပရိသတ်များအား လည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် ကိုဆန်းလွင်-မအိချို။





ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်လျက်ရှိသော မင်းဓမ္မလမ်းရှိ အထွေထွေသုံးစဝေးခန်းမကြီးတွင် တပ်ဆင်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	လေအေးပေးစက်စနစ်သုံးပစ္စည်းများ (Air-Conditioning and Ventilation Equipment)	4 Lot
၂	တံခါးမှန်၊ ရောင်ပြန်မှန်၊ မှန်ကြည်နှင့် အလူမီနီယမ်ပြား (4'x 4' Aluminium Cladding)	၄ မျိုး
၃	ရေနှင့် သန့်ရှင်းမှုဆိုင်ရာသန့်စင်ခန်းသုံးပစ္စည်းများ	၅ မျိုး

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၁-၁-၂၀၀၄ ရက် ၁၆:၀၀နာရီအချိန်တွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပါသဖြင့် ပစ္စည်းပေးသွင်းရန် စိတ်ပါဝင်စားသူများအနေဖြင့် ဈေးနှုန်းတင်သွင်းလွှာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနနှင့် ဆက်သွယ်ဝယ်ယူတင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိလိုသော အချက်အလက်များရှိပါက တယ်လီဖုန်း အမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

မောင်ကျော်စိုးဝင်း(အင်းစိန်)နှင့်အများသိစေရန်

အင်းစိန်မြို့ မြို့သစ်(က+ခ)ရပ်ကွက်၊ ခ/၁၁လမ်း၊အမှတ် ၁၁၃နေ ကျွန်တော် ဦးတင်ဝင်း ၁၂/အစန(နိုင်) ဝ၃၈ဝဝ၆၊ ကျွန်မဒေါ်လှသန်း ၁၂/အစန(နိုင်)ဝ၃၇၉၉၉ တို့၏ ဒုတိယသားဖြစ်သူ မောင်ကျော်စိုးဝင်း ၁၂/အစန(နိုင်) ၁၇၅ဝ၉ဝ သည် ကျွန်တော် ကျွန်မတို့ ပိုင်ဆိုင်သည့် ယာဉ်အမှတ် ဘ/၃၂၅၁ တိုယိုတာကရီနာဆလွန်း(အဖြူ)စက်အမှတ်-3A-6186096၊ ဘောင်အမှတ် AT 1504042890 ကို ၁၈-၁၁-၂၀၀၃ ရက်က မိဘများ၏ခွင့်ပြုချက်မရှိဘဲ ခါတ်ဆီဝယ်ယူခွင့်စာအုပ်နှင့်အတူ နေအိမ်မှယူဆောင်သွားသဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း မိဘများထံ မော်တော်ကားအမြန်ပြန်ပို့ပါရန်နှင့် ရောင်းဝယ်ခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် အမည်ပြောင်းလွှဲခြင်း၊ ဖြားယောင်း သွေးဆောင်လက်ခံထားသူများ၊ အားပေးကူညီသူများအား တရား ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူမည်ဖြစ်ကြောင်း သတင်းပေးသူကို ကျေးဇူးဆပ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖခင် ဦးတင်ဝင်း-မိခင် ဒေါ်လှသန်း
ဖုန်း-ဝ၁-၆၄၁၉၆ဝ

အမည်ပြောင်း: ဦးကျော်ဝင်း၏သမီး မဇင်ဝင်းကျော် ၁၄/ဝခမ(နိုင်) ၁၂၈၈၉၆ အား မဖြူဖြူသင်းဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ မင်္ဂလာဒုံမြို့နယ် အမှတ် ၅၂၆၊ ပဲခူးလမ်းနေ ဦးဝင်းခိုင် ၁၂/တမန(နိုင်) ဝ၂၂၁၉၁ က မင်္ဂလာဒုံမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် (၅၂၆-ဘီ) မြေကွက်အမှတ် (၂၃/၂၄) (ပါမစ်မြေ)ကို ဂရန်သစ် လျှောက်ထားရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

၂။ ဗိုလ်တထောင်မြို့နယ် အမှတ် ၂၅၅/၂၅၇ ဗိုလ်မြတ်ထွန်းလမ်းနေ ဦးတင်ဦး ၁၂/ဗတထ(နိုင်) ဝဝ၆၄၂၃+၅ က ဗိုလ်တထောင်မြို့နယ် မြေတိုင်းရပ်ကွက် (၁ဝH?) မြေကွက်အမှတ် (II-၆၃)G ကြီးမောင် အမည်ရှိ နှစ်၉ဝဂရန် မြေကို မြေပုံကူးခွင့် လျှောက်ထားခဲ့ရာ ရက်ပေါင်း ၃ဝ အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ကျေးဇူးတင်ရှိခြင်း
မောင်အောင်သူရဇော်
(ကျောက်တံခါးမြို့)
ပထမနှစ်၊ရေကြောင်းပညာတက္ကသိုလ် (သန်လျင်)
အသက်(၁၇)နှစ်

ကွယ်လွန်သူ မောင်အောင်သူရဇော် အတွက် အဘက်ဘက်မှ ကူညီပေးခဲ့ကြသော ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနမှူးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်နေ မြို့နယ်ရဲတပ်ဖွဲ့ အရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ဖွဲ့ဝင်များ သန်လျင်ပြည်သူ့ဆေးရုံကြီးမှ ခရိုင်ဆရာဝန်ကြီးနှင့် ဆရာဝန် ဆရာမများ၊ ဝန်ထမ်းများ၊ သန်လျင်မြို့ နာရေးကူညီမှုအသင်း၊ Golden Flower ဆောက်လုပ်ရေးကုမ္ပဏီမှ အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် ကူညီကြသူများအားလုံး၊ ဈာပနကိစ္စအဝဝ အတွက် လိုလေသေး မရှိအောင် လိုက်ပါကူညီဆောင်ရွက်ပေးသူများ၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်း၊ e-mail များဖြင့် သတင်းမေးမြန်း အားပေးကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများ ပေးပို့ကြသူများနှင့် ဈာပနသို့ လိုက်ပါပို့ဆောင်ကြသူ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆွေမျိုး မိတ်သင်္ဂဟများ အားလုံးနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပလတ်စတစ်တံဆိပ်ကပ်ကော်နှင့် ကောက်ရိုးဝယ်ယူလိုခြင်း

စဉ်	ပစ္စည်းအမျိုးအစား	လိုအပ်ချက်	ပေးသွင်းရမည့်ကာလ	ပေးသွင်းရမည့်နေရာ
၁။	(က) ပလတ်စတစ်တံဆိပ်ကပ်ကော်	၁၄ဝဝဝ ပေါင် (ပေါင်တစ်သောင်း လေးထောင်တိတိ)	၁၄-၂-၂၀၀၄ မှ ၁၃-၂-၂၀၀၅ ထိ	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ
	(ခ) ကောက်ရိုး	၉၄၅၁၃ဝ ပေါင် (ပေါင်ကိုးသိန်း လေးသောင်း ငါးထောင့်တစ်ရာသုံးဆယ်တိတိ)	၅-၃-၂၀၀၄ မှ ၄-၃-၂၀၀၅ ထိ	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ
၂။	တင်ဒါပိတ်ရက် -	(၉-၁-၂၀၀၄) သောကြာနေ့ မွန်းလွဲ ၂:ဝဝ နာရီ		

မှတ်ချက်။ ။ အသေးစိတ်အကြောင်းအရာများကို သိရှိလိုပါက မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပစ္စည်းစီမံရေးဌာနတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများကိုလည်း ဝယ်ယူနိုင်ပါသည်။

(ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်-၆၆၃၄၈၁)

စက်ရုံမှူး
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ

ဘုရင့်နောင်ပွဲရုံသစ်အဆောက်အအုံနှင့်မြေကွက်များ

[illegible] အကောင်အထည်ဖော်ဆောင်ရွက်နေသည့်

တက်လမ်း/ထွက်နှုရိုသောက်လုပ်ရေးကုမ္ပဏီမှ

၁၀-၁-၀၄ မှ ၃၀-၁-၀၄ အထိ ဦးရောလှုစနစ်ဖြင့် ရောင်းချပေးပါမည်။

ယခင်ဘုရင့်နောင်ပွဲရုံနှင့်တစ်ဆက်တည်း

နယ် မှ စီး ပွား ရေး ကုန် သည် များ အ တွက် သ တင်း ကောင်း



၁။ [illegible]
၂။ [illegible]
၃။ [illegible]
၄။ [illegible]
၅။ [illegible]
၆။ [illegible]
၇။ Sanitary [illegible]



"ရင်း နှီး မြှုပ် နှံ နိုင် ရန် အ တွက် လည်း အ ဆင် ပြေ မည့် အ ရစ် ကျ ငွေ ပေး ချေ စ နစ် ဖြင့် ရောင်း ချ ပေး မည်။"

[illegible] ဆက်သွယ်ရန်ဖုန်း - [illegible]
[illegible] ဆက်သွယ်ရန်ဖုန်း - [illegible]

BALENO SHOP

Bags & Luggages

နှစ်သစ်မင်္ဂလာ ဆုမွန်လွှာ

BALENO အိတ်အမျိုးမျိုး သုံးစွဲသူ လက်လီလက်ကား ရောင်းဝယ်သူ အပေါင်း နှစ်သစ်မင်္ဂလာတွင် စီးပွားတိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ရရှိနိုင်သော နေရာများ

(1) [illegible] ဖုန်း - [illegible]
(2) No (56), Level (2), FMI CENTRE. Ph - 240-400, Ext-1256
(3) [illegible]
(4) G-12, Ground Floor, PEARL CENTRE, BAHAN TOWNSHIP.

OFFICE ; NO (48-54) 13TH STREET, LAMADAW TOWNSHIP. PH- 210116

Victoria	119 - Store	[illegible]	[illegible]
Ramber Store	Ever Fine	Central Store	[illegible]
Super Shine	Yazana Centre	[illegible]	[illegible]
Today Mark	[illegible]	[illegible]	[illegible]
May Shopping Centre	[illegible]	[illegible]	[illegible]
Super One	[illegible]	[illegible]	[illegible]
Balazon	[illegible]	[illegible]	[illegible]
Sweet Centre	[illegible]	[illegible]	
	[illegible]	[illegible]	

[illegible]

[illegible]

[illegible]

[illegible]

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	[illegible]	၁၁၀၀၀ [illegible]
၂	[illegible] (News Print Paper)	10000 Ream
၃	[illegible]	[illegible]
၄	[illegible]	[illegible]
၅	[illegible]	1 Lot
၆	[illegible]	1 Lot
၇	[illegible] (Thermoplastic Powder)	[illegible]
၈	Bleaching Powder	[illegible]
၉	[illegible]	1 Lot
၁၀	Water Proof Insulated Covered Winding Wire	[illegible]
၁၁	Mechanical Water Pump Gland Packing	24 Packets

[illegible]

[illegible]

ENGLISH (U.M.N)

GRAMMAR [illegible]

[illegible] ☎ - 708503, 386154

ကန့်ကွက်နိုင်ပါသည် ယာဉ်အမှတ် ဆ/၈၃၇၃ ယာဉ်မှတ်ပုံတင် ထားသူက မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ သည် ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (ကျိုင်းတုံ)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ပြည်နယ်ရုံး(ကျိုင်းတုံ)

အမည်ပြောင်း

အထက(၃) မ/ဒဂုံ နဝမတန်း (A)မှ မောင်ဝေယံစိုးမိုးအား မောင်ရဲသူဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးစိုးလှိုင် ဖြစ် ပါသည်။

ဂီတမူးအကယ်ဒမီစန္ဒရားဦးလှထွတ်(ဝါးခယ်မ)မြို့မကျောင်းသားဟောင်း အမျိုးသားစာပေဆုရ၊မြန်မာ့အသံဂီတစိစစ်ရေးအဖွဲ့၊(၄)နှစ်ပြည့်အလွမ်း

အစ်ကိုရေ ချိုနှင့်တကွ ဂီတစာပေ၊ ရုပ်ရှင်ဓမ္မမိတ်ဆွေများအား ခွဲခွာသွားခဲ့တာ (၅-၁-၂၀၀၄)ဆိုရင် (၄)နှစ်တင်းတင်းပြည့်ပါပြီ။ အချိန်တိုင်း နေ့တိုင်း သတိရနေသည်နှင့်အမျှ အစ်ကိုအတွက်ရည်စူးပြီး ကောင်းမှုကုသိုလ် များလည်း အမြဲမပြတ်ပြုလုပ်ခဲ့ပါတယ်။ တိ/နိ ကျောင်းဆောင်သစ်အတွက် မြေကွက်များလှူဒါန်းခြင်း၊ ရန်ကုန်မြို့နာရေးကူညီမှုအသင်း၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၊ မြန်မာနိုင်ငံမျက်မမြင်များအသင်းတို့အပြင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီးတွင်လည်း အစ်ကို့ (၄)နှစ်မြောက်အတွက် ဆွမ်း၊ခဲဖွယ်၊ဆေး၊သင်္ကန်း ပစ္စည်းလေးပါးတို့ကို လှူဒါန်းပူဇော်ပြီး ရေစက်ချ အမျှပေးဝေလိုက်ပါတယ်။

အစ်ကိုရေ ပြုပြုသမျှကောင်းမှုတို့ကို အမျှရ၍ သာဓုခေါ်နိုင်ပါစေ၊

အမျှ အမျှ အမျှ

ချစ်ဇနီး ချိုဝေလွင်မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-3 ဌာနခွဲမှ ဦးစီးအရာရှိ (တာဝန်ခံ) (သတင်း/ပြင်ပ) ဦးရဲလင်း၏ ဖခင်ဖြစ်သူ ဦးမောင်မောင်ကြီး အသက် (၈၅)နှစ်၊ ဥက္ကဋ္ဌ ဝန်ထမ်းရွှေချယ်လေ့ကျင့်ရေးအဖွဲ့ (အငြိမ်းစား)သည် ၃-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

MRTV-3 မိသားစု။

ဘုရားဒါယကာကြီး
ဦးမောင်မောင်ကြီး
(အရှေ့ဖွားစော၊ သျှောင်ဦး)
ဥက္ကဋ္ဌ(ငြိမ်း)
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
လွှတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်၊နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်
(အငြိမ်းစားသံအမတ်ကြီး)
မင်္ဂလာဒုံ ဗိုလ်သင်တန်းအပတ်စဉ်(၂)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ် ၅၂ နေ သက်န်းပရိက္ခရာကုန်သည်ကြီး(ဦးသန်းအုံး–ဒေါ်မြမေ)တို့၏သား၊ မိတ္ထီလာမြို့၊ ပထမလမ်းမတော်နေ (ဦးကျော်ညွှန့်–ဒေါ်သီလှ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် ၂၇(ဘီ)၊ အောင်ဇေယျလမ်းသွယ်၊ ကမ္ဘောဇရိပ်သာ၊ ကုက္ကိုင်းနေ ဒေါ်ခင်မေ၏ခင်ပွန်း၊ (ဦးသိန်းလွင်)–ဒေါ်မမလေးတို့၏ညီ၊ (ဒေါ်အေးဟန်)၊ ဦးဘစိန်–(ဒေါ်ခင်နုဆွေ)တို့၏အစ်ကို၊ ဦးရဲလင်း(MRTV-3)–ဒေါ်ညိုမေလတ်၊ ဗိုလ်မှူးကြီးလှမင်း(ကာကွယ်ရေးဝန်ကြီးဌာန)–ဒေါ်ယုယုလှိုင်၊ ဦးသန်းနိုင်အောင်–ဒေါ်သန်းသန်းမေ တို့၏ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်ဦးမောင်မောင်ကြီးသည် ၃–၁–၂၀၀၄ ရက် (စနေနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅–၁–၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရားဒါယကာကြီး
ဦးမောင်မောင်ကြီး
(အရှေ့ဖွားစော၊သျှောင်ဦး)
ဥက္ကဋ္ဌ(ငြိမ်း)
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
လွှတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်၊နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်
(အငြိမ်းစားသံအမတ်ကြီး)
မင်္ဂလာဒုံ ဗိုလ်သင်တန်းအပတ်စဉ်(၂)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၅၂)နေ သင်္ကန်းပရိက္ခရာကုန်သည်ကြီး (ဦးသန်းအုန်း–ဒေါ်မြမေ)တို့၏သား၊ မိတ္ထီလာမြို့၊ ပထမလမ်းမတော်နေ (ဦးကျော်ညွှန့်–ဒေါ်သီလှ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် ၂၇(ဘီ)၊ အောင်ဇေယျလမ်းသွယ်၊ကမ္ဘောဇရိပ်သာ၊ ကုက္ကိုင်းနေ ဒေါ်ခင်မေ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစိန်တိုး (Myanmar Care Products Ltd.)–ဒေါ်မြတ်မင်းခိုင် (MBA,9th Batch)၊ မောင်ဇော်ထွန်းလင်း (Mid Land Shwe Pyi Trading Co., Ltd.)၊ မအေးယုယုမင်း(B.A English)၊ မမေသီရိနိုင်(X-C အထက ၂ ဗဟန်း)၊ မောင်ရဲဝင့်ကျော်(IX-C အထက ၂ ဗဟန်း)၊ မောင်သက်နိုင်ဝင်း(Grade II,MLA)တို့၏ချစ်လှစွာသော ကျေးဇူးရှင်အဘိုးဖြစ်သူဦးမောင်မောင်ကြီးသည် ၃–၁–၂၀၀၄ရက် (စနေနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅–၁–၂၀၀၄ ရက်(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်ကြီး
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား)
လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်)
အသက်(၈၅)နှစ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား) လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်) နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) ဦးမောင်မောင်ကြီးသည် ၃–၁–၂၀၀၄ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဇနီး ဒေါ်ခင်ခင်လေး
ယဉ်ကျေးမှုဝန်ကြီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်ကြီး
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား)
လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်)
အသက်(၈၅)နှစ်

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား) လွှတ်လပ်ရေး မော်ကွန်းဝင်(ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်) ဦးမောင်မောင်ကြီး သည် ၃–၁–၂၀၀၄ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ဝန်ထမ်းရေးရာဦးစီးဌာန။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆလိုင်းမျိုးချစ်တင် (ရွှေပြည်သာ)
အသက်(၄၁)နှစ်

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ အမှတ်၁၇၃၊ (၇)ရပ်ကွက်၊ ပန်းခြံ၂၊ ရာဇာဓိရာဇ်လမ်းနေ ဦးကြည်ရှိန်–ဒေါ်နီ တို့၏သား၊ (ဦးလူပျို–ဒေါ်ပျို)၊ (ဦးဘိုးကွန်း–ဒေါ်ပျို)တို့၏ မြေး၊ ဆလိုင်းမောင်ရှင်–(ဒေါ်ငွေကြိုင်)၊ ဆလိုင်းမောင်လွင်–ဒေါ်တင်မြင့်၊ ဆလိုင်းမောင်စိန်–ဒေါ်မိုင်တင်မြတို့၏တူ၊ မိုင်ကြည်စိန်၊ မိုင်စော၊ မိုင်မေရီစိန်–သန်းထွန်း၊ မိုင်သိန်းတင့်၊ မိုင်သိန်းရင်၊ ဆလိုင်းခင်မောင်ကြည်–နော်ဖိုးဒါး၊ မိုင်ယဉ်ယဉ်ထွေး–ကိုထွန်းမြတ်တို့၏အစ်ကို၊ တူ/တူမကိုးယောက်တို့၏ဘကြီးသည် ၄–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၂:၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၆–၁–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီးရေဝေးသုသာန်သို့ပို့ဆောင် မြေမြှုပ်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းဖေဟန်
(Reggie Ba Chit)
B.Sc,M.Sc.,(Env.Sc;)[Monash University,Australia]
ဒု–စက်ရုံမှူး(ငြိမ်း)၊
သန်လျင်ရေနံချက်စက်ရုံ၊ရေနံ၊ဓာတု
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၂/၁၈၄၊ ပထမထပ်၊ လမ်း၅၀၊ ပုဇွန်တောင်မြို့နယ်နေ(ဦးဘချစ်)–ဒေါ်ကျင်နု တို့၏သားကြီး၊ ဒေါ်မြသိန်း၊ (ဦးလှခိုင်)–ဒေါ်စန်းမြင့်၊ ဦးဟန်ဝင်း–ဒေါ်စန်းစန်းမြ၊ ဦးကိုကိုသန်း–ဒေါ်ဝင်းဝင်းမြင့်တို့၏ အစ်ကိုကြီး၊ ဒေါ်သီတာဟန်၏ မွေးစားဖခင်၊ ဦးအောင်စိုးခိုင်–ဒေါ်နွယ်နွယ်ဝင်း၊ ဦးအောင်ကျော်လင်း–ဒေါ်မိုးသီတာ၊ ဦးနေလင်း၊ ဦးခိုင်မိုးကျော်၊ ဦးကျော်ဝင်းထွဋ်တို့၏ဘကြီးသည် ၄–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့) တွင်ကွယ်လွန်သွားပါ၍ ၆–၁–၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရွှေမှုံ (မော်လမြိုင်)
အသက်(၉၁)နှစ်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ ရွှေမြိုင်သီရိရပ်ကွက်၊ လမုတန်းလမ်း၊ အမှတ် ၂၄ နေ (ဦးဘိုးသုန်)၏ဇနီး၊ ဦးဟန်ရင်–ဒေါ်သောင်းစိန်၊ ဦးမြင့်အောင်–ဒေါ်ပန်းကြည်တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂–၁–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၃–၁–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သဂ်ဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်တင်
(သာယာဝတီ)
အသက်(၉၁)နှစ်

သာယာဝတီမြို့၊ ကွက်သစ်၁လမ်းနေ (ဦးဘိုးဟန်–ဒေါ်မိ)တို့၏ သမီးကြီး၊ (ဦးမောင်ဦး)၏ဇနီး၊ ဦးဝင်းမောင်–(ဒေါ်စန်းစန်းဝင်း ကုန်သွယ်လယ်ယာ)၊ ဦးလှမင်း(ပါမောက္ခ၊ ငြိမ်း၊ဓာတုဗေဒ)–ဒေါ်ယဉ်ယဉ်ကြည် (အထပ၊ ငြိမ်း၊ တာမွေ–၅)၊ ဒေါ်အေးအေးသွင်၊ ဦးဝင်း(ခရိုင်ရဲမှူး၊ဘားအံပြည်သူ့ရဲတပ်ဖွဲ့)၊ ဒေါ်ပိုပို၊ (ဒေါ်သန်းသန်းဝင်း)၊ ဦးဝင်းသိန်း(Chief Officer)–ဒေါ်ထူးထူးတို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၄–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၁–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် သာယာဝတီမြို့ ထောင်ကြီးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစိန်မောင် (ငြိမ်း)
မော်ကွန်းဝင်(ပထမဆင့်)
စလင်းမြို့
အသက်(၈၆)နှစ်

စလင်းမြို့နေ (ဦးအောင်ဖုံ–ဒေါ်ညို)တို့၏သား၊ မုံမြို့နေ(ဦးငြိမ်း–ဒေါ်လှသင်)တို့ ၏သားသမက်၊ ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ ရွှေသာလျောင်းဘုရားလမ်း၊အိမ်အမှတ်၂၁နေ ဒေါ်ယဉ်မြ၏ခင်ပွန်း၊ အုပ်ခွဲတပ်ကြပ်ကြီး မောင်မောင်စိုး(တပ်မတော်လေ)–ဒေါ်တင်တင်အေး၊ ဒေါ်ခင်ခင်စိုး(စီမံချက်အရာရှိ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်)၊ ဗိုလ်ကြီးမင်းသိန်း(ယာယီဗိုလ်မှူး)(တပ်မတော်–လေ) – ဒေါက်တာချိုချိုဝင်း၊ ဗိုလ်ကြီးဝင်းမြင့်(တပ်မတော်–ရေ)–ဒေါ်နွယ်နီစိုး(အလယ်တန်းပြဆရာမ)တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၄–၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၁–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသိန်းကျော်
(မော်ကွန်းဝင်တတိယဆင့်)
(ရေကျော်)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊အမှတ်၅၄၊ ဒုထပ်နေ (ဦးမောင်မောင်–ဒေါ်မမလေး)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးထွန်းတင်–ဒေါ်အေးမြင့်)တို့၏သားသမက်၊ (ဦးရာပြည့်–ဒေါ်သန်းသန်း)တို့၏ကိုတ္တိမသား၊ (ဒေါ်သန်းသန်းရီ)၏ခင်ပွန်း၊ ဒေါ်မြမြသန်း(သ/မဝန်ကြီးရုံး)၊ ဦးကျော်လွင်–(ဒေါ်ခင်စန်းဝင်း)၊ (ဦးလှဌေး)၊ ဒေါ်သီတာကျော်(နီနီ)တို့၏ ဖခင်၊ မနှင်းယုလွင်(တတိယနှစ်၊ဥပဒေ)၊ မောင်ဟိန်းထက်(ပထမ နှစ်၊ ပထဝီ)၊ မောင်ဖြိုးဟန်(အထက–၅၊တာမွေ)တို့၏ အဘိုးသည် ၃–၁–၂၀၀၄ရက် (စနေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၅–၁–၂၀၀၄ရက်(တနင်္လာနေ့)နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းအောင်
MV. Mandalay
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း
အသက်(၅၄)နှစ်

မော်လမြိုင်မြို့၊ ဇေယျာသီရိမြို့သစ်၊ အောင်သပြေ ၂ လမ်း (ဦးမောင်သွင်–ဒေါ်အေးမြိုင်)တို့၏သား၊ ဒေါ်ကျင်အိန်း (ကျောင်းအုပ်ဆရာမကြီး၊ အလက–၄၊ မော်လမြိုင်မြို့)၏ခင်ပွန်း၊ မစုခိုင်ခိုင်စံ (P.A.T၊ အမက၊ ဘားဘူကုန်း)၊ မောင်ထွဋ်အောင်ကိုကိုတို့၏ဖခင်သည် ၃–၁–၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၁–၂၀၀၄ ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၃၆၁၊ C.7. ဗညားဒလလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ် နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြမြကျော် (မဘောဘီ)
ပျဉ်းမနား
၁၀၉လမ်း၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်
အသက်(၈၀)

ရန်ကုန်မြို့၊ ၁၀၉လမ်း၊ အမှတ် ၄၁ နေ (ဦးကျော်ဒွန်း–ဒေါ်မှုံ)တို့၏သမီး၊ ဒေါ်စိန်ကျော်၏ညီမ၊ ဦးထွန်းကျော်၊ ဒေါ်အေးကျော်၊ ဦးမောင်မောင်ကြီး၊ ဦးမောင်မောင်အေး၊ ဦးထွန်းထွန်းတို့၏ အစ်မကြီးသည် ၃–၁–၂၀၀၄ရက် ညနေတွင် ကွယ်လွန်သွားပါ၍ ၅–၁–၂၀၀၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

တံပေါ်အိ(ခ)ဦးတင်မြင့်
ဆန်းမုန့်တိုက်၊ဆန်းရတနာရွှေဆိုင်
တောင်ငူမြို့
အသက်(၇၃)နှစ်

တောင်ငူမြို့၊ ဈေးလမ်း၊ ၁၇/၁၇၇ နေ ဒေါ်ကျင်ဝါ၏ ခင်ပွန်း၊ မကြည်ကြည်ဝင်း–ကိုပေါ်စိမ်း၊ မလှလှဝင်း–ကိုသန်းထိုက်အောင်၊ မောင်မြင့်ဆန်း–မမြင့်မြင့်ခိုင်၊မတင်တင်ဝင်း–ကိုကျင်ဝင်း၊ မောင်မြင့်ထူး–မဝင်းဝင်းခိုင်၊ မောင်မြင့်အောင်–မနုဝါ၊မစန်းစန်းဝင်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၄–၁–၂၀၀၄ ရက် နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၁–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့ အနောက်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ငွေစိန် (မော်လမြိုင်)
အသက်(၆၃)နှစ်

(ဦးဇာ–ဒေါ်အေးမေ)တို့၏သမီး၊ (ဦး ထွန်းရှိန်)–ဒေါ်စိန်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျောက်မြောင်း၊ မြို့သစ်(၂)လမ်း၊ အမှတ် ၁၀ နေ ဦးတင်ဖေ၏ဇနီး၊ ကိုမြင့်ဟန်–မမေမေခင်၊ ကိုလှမင်း(လေကြောင်းဦးစီး)–မမာလာ၊ ကိုကျော်လွင်ထွန်း– မရီရီဝင်း၊ ကိုကြည်ဝင်း–မချောစု(ခင်ပြုံးမွန်ပါတိတ်)တို့၏မိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၃–၁–၂၀၀၄ ရက် (စနေနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၁၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ညို
အသက်(၅၉)နှစ်

ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊(၃)ရပ်ကွက်၊ ၁၄လမ်း၊အမှတ်၁၁နေ (ဦးကြွယ်–ဒေါ်မြရင်)တို့၏သမီး၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက် ၁၄၊ အခန်း ၀၀၅ နေ ဦးလှစိန်–ဒေါ်ခင်မေ၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာနေ (ဦးမောင်ကြည်)–ဒေါ်သောင်းရင်တို့၏ညီမ၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ် ၂၁၈၊ ဓမ္မသုခကျောင်းလမ်းသွယ်၊ လှိုင်ရဲစခန်းအနောက်နေ ဦးသောင်းစိန်(တတက၊ ငြိမ်း၊မြန်မာနိုင်ငံရဲတပ်ဖွဲ့)၏ဇနီး၊ ဦးတင်အောင်မိုး(စမ်းချောင်းရဲစခန်း)–ဒေါ်သင်းသင်းခိုင်၊ မခင်လှမျိုး(လှိုင်ချိုဇင်ဓာတ်ဘော်လီ)၊ ဒုတကကျော်မင်းစိုး(တပ်မတော်–ရေ)၊ ဦးအောင်မင်းစိုး(လက်ထောက်အင်ဂျင်နီယာ၊လျှပ်စစ်၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊စွမ်းအင်ဝန်ကြီးဌာန)တို့၏မိခင်၊ မခိုင်သဇင်မိုး၏ အဘွားကြီးသည် ၄–၁–၂၀၀၄ရက် မွန်းလွဲ ၁၂:၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၁–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ထွန်း(ခ)ပပ
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၉ လမ်း၊ အမှတ်၁၀၃နေ (ဦးသုခ–ဒေါ်လှလှ)တို့၏သား၊ (ဦးကြည်စွမ်)–ဒေါ်မြမြ၊ ဦးမောင်မောင်လွင်(Super World၊ဗိုလ်ချုပ်ဈေး) Hill Top Villa (ကလော)–ဒေါ်စန်းဖြူဖြူ၊ ဦးခင်မောင်အေးတို့၏ညီ/မောင်၊ ဒေါ်ရွှေစင်ခ(Royal Diamond၊ဗိုလ်ချုပ်ဈေး)၏အစ်ကို၊ ဦးသောင်းထွဋ်(Fresh Air-Con)–ဒေါ်တင်တင်စု၊ ဦးမြတ်ကျော်–ဒေါ်ခိုင်စန္ဒာလွင်(Royal Diamond၊ ဗိုလ်ချုပ်ဈေး)၊ ဦးအောင်မြတ်စိုး–ဒေါ်ချိုသန္တာလွင်၊ မောင်ဖုန်းမြင့်အောင်၊ မောင်တိုးမြင့်အောင် တို့၏ ဦးလေး၊ မမြမျက်သွယ်၊ မအိမြတ်စန္ဒီ၊ မမေမြတ်စန္ဒီ၊ မောင်မင်းသီဟကျော် တို့၏ အဘိုးလေးသည် ၄–၁–၂၀၀၄ ရက်(တနင်္ဂနွေနေ့)နံနက်၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။

၁၀–၁–၂၀၀၄ရက်(စနေနေ့) နံနက် ၇နာရီမှ၉နာရီအထိ ရက်လည်ဆွမ်းကျွေး တရားနာရန် အထက်ပါလိပ်စာသို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးပညာဒီပ(ခ)ဦးအုန်းကြိုင်
(သန်လျင်၊ မြင်းကကုန်း)
သက်တော်(၈၂)နှစ်၊
ဝါတော်(၈)ဝါ

ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်း ကျေးရွာနေ (ဦးရှုပ်ပန်း–ဒေါ်သင်းနွယ်)တို့၏သား၊ ဂန့်ဂေါသစ်ထုတ်လုပ်ရေးဒေသ၊ လ/ထ အထွေထွေမန်နေဂျာ ဦးအေးသန်း–ဒေါ်သန်းသန်းနွယ်တို့၏ဖခင်၊ မြေးသုံးယောက် တို့၏ အဘိုးသည် ၃–၁–၂၀၀၄ ရက် ညနေ ၆နာရီတွင် ဂန့်ဂေါမြို့၌ ပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်သော ရုပ်ကလာပ်တော်ကို ၅–၁–၂၀၀၄ ရက်တွင် ဂန့်ဂေါမြို့ မိုးကောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ထား (ပေါက်ခေါင်း)
အသက်(၈၇)နှစ်

ပြည်ခရိုင်၊ပေါက်ခေါင်းမြို့၊မြောက်ပိုင်းရပ်နေ (ဦးဘိုးရင်–ဒေါ်စိန်ညွှန့်)တို့၏သမီး၊ ဗိုလ်မှူးကြီးသိန်းငွေ(ငြိမ်း)–ဒေါ်ထားထားယဉ်တို့၏ အစ်မ၊ ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း)–ဒေါ်ခင်ချိုဝင်း၊ ဦးအုံးသိန်း–ဒေါ်ခင်ရီတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်ငါးယောက် တို့၏ အဘွားသည် ၂၉/၉၀၊ စပယ်လမ်း၊ ရွှေပြည်သာမြို့နေအိမ်၌ ၄–၁–၂၀၀၄ ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၁–၂၀၀၄ရက် ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးသိန်းဟန် (မအူကုန်း)
ဗဟိုပုံနှိပ်တိုက် (ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ် ၇ လမ်း၊ အမှတ် ၃၂၃ နေ (ဒေါ်ခင်သန်း)၏ ခင်ပွန်း၊ ဦးစိန်ချစ်–ဒေါ်သန်းတင်အေးတို့၏ မောင်၊ ဦးတင်ထွေး–ဒေါ်လှတင်တို့၏အစ်ကို၊ ဦးစိုးလွင်–ဒေါ်ခင်စိန်ဦးတို့၏ဦးလေး၊ ဒေါ်မာလာဦး၊(ဒေါ်ခင်ခင်မူ–ဦးထွန်းမြင့်)တို့၏ဖခင်၊ နန္ဒထွန်း၊ ခင်သီရိထွန်းတို့၏အဘိုးသည် ၃–၁–၂၀၀၄ ရက် ည ၈:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၁–၂၀၀၄ ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစံရင် (ငြိမ်း)
[ဂုဏ်ထူးဆောင်]
မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ
မြောက်ဥက္ကလာပမြို့နယ်
ခြင်းလုံးဆပ်ကော်မတီ
အသက်(၆၉)နှစ်

ပဲခူးတိုင်း၊ဒိုက်ဦးမြို့နယ်၊ကျိုက်စကောကျေးရွာနေ (ဦးငွေသောင်–ဒေါ်စိန်ခင်)တို့၏သား၊ (ဦးဘိုးထင်–ဒေါ်စိန်ရင်)တို့၏သားသမက်၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ဦးပုညလမ်း၊(၁၇/၄/၈၄၅)နေ ဒေါ်သန်းကြည်၏ခင်ပွန်း၊ ဒေါ်ခင်စောမူ(ဒုထွေ/ဂျာ၊ စိုက်ပျိုးရေးရုံးချုပ်)၊ ဒေါ်ဥမ္မာချို(စိုက်ပျိုးရေးရုံးချုပ်)၊ ဗိုလ်ကြီးခင်မောင်ကြည်(လ/ထညွှန်မှူး၊နယ်စပ်/စည်ပင်)–ဒေါ်စောသီတာမြင့်၊ ဦးမင်းဇော်(စိုက်ပျိုးရေးရုံးချုပ်၊မိတ္တူလုပ်ငန်း)–ဒေါ်မိုးသီတာ၊ ဦးတင်အောင်ကြည်(ဌာနစုမှူး၊စက်မှု–၁)တို့၏ဖခင်၊ ဖြိုးမွန်မွန်ဦး၊ စုဝေဖြိုး၊ အိန္ဒြေခင်၊ ခင်ယုယသွင်တို့၏အဘိုးသည် ၃–၁–၂၀၀၄ရက် (စနေနေ့)ည၉နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒုဗိုလ်ခင်မောင်သန်း
ဝီရှာဘွဲ့(သမိုင်း)၊ဗသက–၁၀၆
အသက်(၂၆)နှစ်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဦးထွန်းရှိန်လမ်း၊ အမှတ် ၅၇၈နေ (ဦးပန်းမောင်–ဒေါ်ငွေကြည်)၊ (ဦးချိန်–ဒေါ်အုံးကျင်)၊ ဦးလှရှိန်(ဒေါ်အုံးမြင့်)၊ ဒေါ်လှရင်၊ ဦးဖိုးပြား–ဒေါ်စောကျင်၊ ဦးအောင်တင်–ဒေါ်မေကြည်တို့၏မြေး၊ဦးတင်အောင်– ဒေါ်အုံးသန်းတို့၏သား၊ မခင်သူဇာ၊ မကြူကြူသင်း၊မတင်မျိုးထွေးတို့၏အစ်ကို/မောင်သည် ၂–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သဂ်ဟများအား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆဋ္ဌသံဂီတိကာရက
ပြည်နယ်ဝိနည်းဓိုရ်၊ပြည်နယ်သြဝါဒါစရိယ
ဘောလုံးကွင်းပဝါရဏာ(သုဓမ္မာ)ဂိုဏ်း၏ဂိုဏ်းချုပ်
ဘဒ္ဒန္တဥာဏ (ကံပြင်ဆရာတော်ကြီး)
သက်တော်(၁၀၀)၊ သိက္ခာတော်(၈၀)

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ (စဖိုကျွန်း)ကံပြင်ကျောင်းတိုက်၌ (၆၇)နှစ်တိုင်တိုင် သာသနာပြုသီတင်းသုံးတော်မူသော ရတ္တညူမဟာနာယက၊ ဂဏာစရိယ၊ ဂဏာဓိပတိ၊ သက်တော်ရှည် ကံပြင်ဆရာတော်ကြီး ဘဒ္ဒန္တဥာဏ မဟာထေရ်မြတ်သည် (၁၃၆၅ခု၊ ပြာသိုလဆန်း ၇ရက်) ညနေ ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ အန္တိမအဂ္ဂိဈာပန ပူဇာသဘင်ကို (၁၃၆၅ခု၊ တပေါင်းလဆန်း၅ရက်)၂၄–၂–၂၀၀၄ရက်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ဆရာတော်ကြီး၏ ရပ်နီးရပ်ဝေးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ၊
(စဖိုကျွန်း)ကံပြင်ကျောင်း၊ရခိုင်ပြည်နယ်၊ရသေ့တောင်မြို့နယ်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဦးဉာဏမဟာထေရ်
သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါ

ကော့ကရိတ်မြို့နယ်၊ မင်းရွာကျောင်းတိုက်၏ ဦးစီးပဓာနနာယက အုပ်စုပဝါရဏဂိုဏ်းချုပ် ဆရာတော် ဘဒ္ဒန္တဦးဉာဏမဟာထေရ်ဆရာတော်ကြီးသည် (၁၃၆၅ခုနှစ် ပြာသိုလဆန်း၁၀ရက်) ၁–၁–၂၀၀၄ရက် ကြာသပတေးနေ့ နံနက် ၉:၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား သိစေရန်အကြောင်းကြားအပ်ပါသည်။ (အန္တိမအဂ္ဂိဈာပနကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ၊
မင်းရွာကျေးရွာ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရွှေကျင်ဂိုဏ်းကြီး၏ ရတ္တညူမဟာနာယက
သက်တော်ရှည်ဗုဒ္ဓသာသနာပြု
မဟာသာသနဝေပုလ္လကျောင်းဆရာတော်
ဘဒ္ဒန္တဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ)မဟာထေရ်မြတ်
သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ မြို့မရပ်ကွက်၊ မဟာသာသနဝေပုလ္လကျောင်းနှင့် မင်္ဂလာဒုံမြို့နယ်၊ သင်္ဃန်းကျွန်းကြီးကျေးရွာအုပ်စု၊ ကာယရပ်ကွက်၊ ကာယ ၉လမ်း၊ မဟာသာသနဝေပုလ္လပရိယတ္တိစာသင်တိုက်တို့၏ဦးစီးပဓာန နာယက ဗုဒ္ဓသာသနာပြုဖြစ်တော်မူသော ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက ဘဒ္ဒန္တဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်သည် ၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၁၁ ရက် ၂–၁–၂၀၀၄ ရက်(သောကြာနေ့) နံနက် ၁:၀၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို ၁၃၆၅ခုနှစ် ပြာသိုလပြည့်နေ့ ၆–၁–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သာဓုကီဠနအန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်ကြမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

မှတ်ချက်–ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပန အခမ်းအနားကို မဟာသာသနဝေပုလ္လကျောင်းတိုက်တွင်ကျင်းပပြီး ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်မြတ်နှင့်အတူ ကားများ မဟာသာသန ဝေပုလ္လကျောင်းမှ မွန်းလွဲ ၂နာရီတွင် စီတန်းထွက်ခွာပါမည်။

တိုက်အုပ်ဘုန်းကြီး ဦးဓမ္မတိဏ္ဏနှင့်တပည့်ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရွှေကျင်ဂိုဏ်းကြီး၏ ရတ္တညူမဟာနာယက
သက်တော်ရှည် ဗုဒ္ဓသာသနာပြု
ယောနယ်အသင်း(ရန်ကုန်)၏ သြဝါဒါစရိယ
မဟာသာသနဝေပုလ္လကျောင်းဆရာတော်
ဘဒ္ဒန္တဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်
သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ မြို့မရပ်ကွက်၊ မဟာသာသန ဝေပုလ္လကျောင်းနှင့် မင်္ဂလာဒုံမြို့နယ်၊ သင်္ဃန်းကျွန်းကြီးကျေးရွာအုပ်စု၊ ကာယရပ်ကွက်၊ ကာယ ၉လမ်း၊ မဟာသာသနဝေပုလ္လ ပရိယတ္တိစာသင်တိုက်တို့၏ ဦးစီးပဓာနနာယက ဗုဒ္ဓသာသနာပြုဖြစ်တော်မူသော ရွှေကျင်နိကာယရတ္တညူ မဟာနာယက ယောနယ်အသင်း၏ သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်သည် ၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၁၁ရက် (၂–၁–၂၀၀၄ ရက်)သောကြာနေ့ နံနက် ၁:၀၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ဆရာတော်၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို ၁၃၆၅ခုနှစ် ပြာသိုလပြည့်နေ့ (၆–၁–၂၀၀၄ ရက်) အင်္ဂါနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သာဓုကီဠနအန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်ကြမည် ဖြစ်ပါကြောင်း တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ယောနယ်အသင်း(ရန်ကုန်)။

ရဟန်း၊ကျောင်းဒါယကာကြီး
ဦးရှိန်လွင်
(ကျုံကဒတ်ကျေးရွာ)
အသက်(၈၇)နှစ်

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ ဘုရင့်နောင်လမ်း၊ အမှတ် ၁၃၃ နေ (ဦးမောင်လွန်း–ဒေါ်သင်ညာ)တို့၏ သား၊ (ဒေါ်ညိမ်းရွှေ)၏မောင်၊ (ဒေါ်အေးကြူ) ၏ခင်ပွန်း၊ ဦးသန်းတင်အောင်(MPPE) ဘဏ္ဍာရေး–ဒေါ်မြသန်း(သင်္ဘောဆေးစက်ရုံ)၊ ဦးသန်းမြင့် အောင်(သမ/ဦးစီးမှူး၊ မွန်ပြည်နယ်)၊ ဒေါ်သန်းသန်းစိန်၊ ဦးခင်မောင်ဦး(ကုန်သည်)၊ ဒေါ်အေးအေးမော်တို့၏ ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၃–၁–၂၀၀၄ ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ကျုံကဒတ်ကျေးရွာ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅–၁–၂၀၀၄ ရက်တွင် ကျုံကဒတ်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သဂ်ဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကိုမြင့်အောင်
ဒဂုံတက္ကသိုလ် (မြန်မာစာ)
အသက်(၃၃)နှစ်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၄၂ နေ ဦးပန်းဖုံ–ဒေါ်အေးမှုံ၊ ဦးချစ် အေး–ဒေါ်အုံးမြတို့၏ မြေး၊ ဦးသာညွှန့်–ဒေါ်ခင်သန်း (ပေါက်ကျိုင်း)တို့၏သား၊ ဦးစိန်ကျော်–ဒေါက်တာကြည်ကြည်ဝင်း၊ ဒေါ်မြင့်မြင့်စိန် (ရွှေပေါက်ကံ)၊ ဦးဥာဏ်ထွန်း–ဒေါ်ခင်ရွှေဝင်းတို့၏တူ၊ ကိုဇော်ဝင်း–မတင်တင်စိုး၊ (ကိုဝင်းသန်း)တို့၏ညီ၊ (ကိုတင့်ကိုကျော်)–မအေးအေးသန်းတို့၏အစ်ကို၊ မနှင်းဝေဦး၊ မထားဥလီ၊ မသက်ထားစံ၊ မစန္ဒာဇော်ဝင်းတို့၏ ဦးလေးသည် ၃–၁–၂၀၀၄ ရက် ညနေ ၄:၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၁–၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

ကန်တော်ကြီးဥယျာဉ်ကြီးသည် တန်ဖိုးကြီးမားလှသည့် သဘာဝအခြေခံကောင်းကြီးတစ်ခုဖြစ် မူလရှိပြီးသဘာဝအလှအပများမပျက်ယွင်းစေဘဲ အပန်းဖြေစခန်းကြီးတစ်ခုအဖြစ်အဆင့်မြှင့်တင် ရရှိထားသည့်နိုင်ငံတကာအတွေ့အကြုံနှင့်ပညာရပ်များပေါင်းစပ်ပြီး ပိုမိုတန်ဖိုးမြှင့်မားအောင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းများနှင့် ကမ္ဘာ့အေးမဟာပါသာဏလိုဏ်ဂူတော် ပြုပြင်မွမ်းမံမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တိရစ္ဆာန်ဥယျာဉ်နှင့် ပန်းဥယျာဉ်(ရန်ကုန်) အဆင့်မြှင့်တင် မွမ်းမံမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ပြည်သူ့ ရင်ပြင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၄

၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ကျင်းပရာ ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ●

ဇန်နဝါရီ ၄ ရက်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ နန်းမြင့်မျှော်စင် ဖွင့်ပွဲ အခမ်းအနားအပြီးတွင် တိုင်းရင်းသားပြည်သူများ နန်းမြင့်မျှော်စင်ပေါ်မှ ရန်ကုန်မြို့တော်ရှုခင်းအလှကို တက်ရောက်ကြည့်ရှုကြစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကျင်းပ ပြည်သူလူထုအင်အားတစ်သောင်းကျော် တက်ရောက်အလေးပြု

ရန်ကုန် ဇန်နဝါရီ ၄

နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတည်းဟူသော အမျိုးသားရေးဦးတည်ချက်လေးရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာကျင်းပသည့် ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ကျင်းပရာ ပြည်သူလူထုစုစုပေါင်းအင်အားတစ်သောင်းကျော် တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသော ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အလုပ်သမားများနှင့် တောင်သူလယ်သမားများပါဝင်သော ရန်ကုန်အရှေ့ပိုင်းခရိုင်မှ အင်အား ၃၀၀၀ ကျော်၊ ရန်ကုန် အနောက်ပိုင်းခရိုင်မှ အင်အား ၅၀၀၀ ကျော်၊ ရန်ကုန်တောင်ပိုင်းခရိုင် မှအင်အား ၅၀၀ကျော်၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှ အင်အား ၁၀၀၀ ကျော် စုစုပေါင်းအင်အား ၉၅၀၀ကျော် ပြည်သူလူထုကြီးသည် နံနက် ၆နာရီတွင် ပြည်သူ့ရင်ပြင်၌ ဝင်ရောက် နေရာယူကြသည်။

ထို့အတူ အခမ်းအနားကျင်းပရာ ပြည်သူ့ရင်ပြင်အတွင်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်း၊ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ***စာမျက်နှာ ၃ ကော်လံ ၂*** ■

ယနေ့ထုတ်ခောင်ရေ – ၂၀၂၃၁၉